# PILOT SAYADAW

## အရှင်ဇေယျပဏ္ဍိတ



# ဝိပဿနာပညာ (တဏှာအစပ် ပြတ်ပုံ)

## (နမောတဿ ဘဂဝတော အရဟတော သမ္မာသံဗုဒ္ဓဿ)[၃]

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

## ပိုင်းလော့ဆရာတော် အရှင် ဇေယျပဏ္ဍိတ

(ဩကာသ၊ ဩကာ သ၊ ဩ ကာ သ )ဖြင့် ကန် တော့ ခြင်း

ဤကဲ့သို့ အနန္တကမ္ဘာပေါင်းများစွာ၊ သံသရာ၌ ၊ ရခဲလှစွာသော လူ့ဘဝတွင်၊ ကြုံခဲလှသည့်ဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွင်း၌ ဘုရားရတနာ၊ ဘုရားဂုဏ်တော်။ တရားရတနာ တရားဂုဏ်တော် ၊ သံဃာ့ရတနာ သံဃာ့ဂုဏ်တော်တို့ကို အာရုံ ပြု၍ ဂါရဝ ရှိကျိုး လက်စုံမိုးကာ ရှိခိုးပူဇော်ဖူးမျှော်မာန်လျော့၊ ကန်တော့ကြရတဲ့ ကောင်းမှုကံ စေတနာတို့ကြောင့် ... မိမိတို့ အလိုမရှိအပ်သော... အနိဋ္ဌ ဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ကုန်သည်သာဖြစ်၍၊ စောင့်ထိန်း သီလ ၊ ဒါနစာဂီ ၊ပါရမီ ကုသိုလ်ကို၊ မညင်ညိုဘဲ ဝဋ္ဋဘဝတိုတိုဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလွယ်ကြသည် ဖြစ်ကြပါစေ။

အဟံဘန္တေ ၊ သိသရေနသဟ ၊ အာဇီဝဋ္ဌမကံ သီလံ၊ သမာဒိယာမိ ။

အရှင်ဘုရား၊ ဘုရားတပည့်တော်သည် ဘုရား ၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ၊ ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်သော ကိုးကွယ်ရာဟူ၍ အသက် ထက်ဆုံး မှီဝဲဆည်းကပ် သိမှတ်ပါသည် ဘုရား ။၈ ပါးသော အာဇီဝ သီလ တော်မြတ် ကိုလည်း ကောင်းစွာဆောက်တည်ပါသည်ဘုရား။

**မေတ္တာပွားရအောင်နော်။** ။ အရပ်၁၀မျက်နှာ၌ ရှိကြကုန်သော အနန္တစကြဝဠာနေ အနန္တများစွာသတ္တဝါ ၊ လူနတ်ဗြဟ္မာ အပေါင်းတို့သည်... ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ...။ ဒေါသခပ်သိမ်းငြိမ်းကြပါစေ...။ ဆင်းရဲခပ်သိမ်းငြိမ်း ကြပါစေ...။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ... ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝ၍နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ...။

(ဣဒံမေ ပုညံ အာသဝက္ခ ရာ၊ ဝဟံဟောတု ၊ ဣဒံမေသီလံ နိဗ္ဗာနဿ ပစ္စယော ဟောတု ၊ သိသရေနသဟ ၊ အာဇီဝဋ္ဌမကသီလံ သာဓုကံ ကတွာ ဓမ္မံ၊ အပ္ပမာဒေန သမ္ပာ ဒေထ)

ကဲ... သက်သာသလို ပြောင်းထိုင်ကြနော်..

သည်နေ့ဝိပဿနာ တိုးသင်ရအောင်နော်...။ မနေ့က အခြေခံပါရမီ (၁၀) ပါးကျင့်စဉ်နဲ့ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိ ဆောင်နိုင်ပုံကို သင်ခဲ့တယ်နော် ။ သည်နေ့ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးနဲ့ ဟောတော်မူခဲ့တဲ့ သံသရာထွက်လမ်း – ဒါကို သင်ရအောင်နော်။

ဝိပဿနာ ပညာသင်ရအောင်နော်... မနေ့ကအခြေခံပါရမီ (၁၀)ပါးလေး၊ အခြေခံလေး ပြန်ကောက်လိုက်ပါအုံးနော်။


သည်သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ သန္ဓေမှီပြီ ဆိုတည်းကိုကတဲ့ ၊ စိတ်၊စေတသိတ်တွေဟာ အကုန်ပါတာလို့မှတ်ရမယ်နော်။ စိတ်၊စေတသိတ်က စေတသိတ် (၅၂) ပါး၊စိတ်အကုန်လုံးပါတယ်မှတ်ရမယ်။

အဲသည်ထဲမှာ မောဟ–ပညာ အပိုင်းကျတော့တဲ့ – **ပညာအလင်းနဲ့ မောဟအမှောင်**၊ အချိုးအစားသာ ကွာကြတာမှတ်ရတယ်။ သတ္တဝါတွေဆိုရင် မောဟက များတယ်၊ ပညာက ငုတ်တယ်။ လူ ဆိုရင် ပညာအလင်းက များတယ် မောဟက ပါးတယ်။ လိုတာ ယူရမယ်နော်...။

ကောင်းပြီ...

သာမာန်ရိုးရိုး အဆင့်ကနေပြီးတော့ အထွဋ်အထိပ်လက္ခဏာတော် ဘယ်လောက်တဲ့လဲ...၊

(၃၂)ပါး။ ပြည့်စုံပြီးတော့ကာတဲ့ ပညာစိတ်မှာယှဉ်တဲ့ အလင်းဓါတ်ကြီးက အတုမရှိ ပွင့်လင်းခဲ့လို့ဗုဒ္ဓလို့ခေါ်တာတဲ့...။အဲတော့ အတုမရှိ အလင်းဓါတ်ပိုင်ရှင်၊ဘုရားရှင်သည် သတ္တဝါ အားလုံးကိုအမှန်လမ်းပြနိုင်တဲ့ အလင်းဓါတ်ကြီးနဲ့ သည် လမ်းကတော့ လူဆင်းရဲ၊နတ်ဆင်းရဲ အပါယ် ဆင်းရဲရောက် မဲ့လမ်း။သည် လမ်းကတော့ လူချမ်းသာ၊ နတ်ချမ်းသာ၊ဗြဟ္မာချမ်းသာ ဖြစ်မဲ့လမ်းသည် လမ်းကတော့ နိဗ္ဗာန်လမ်းလို့ ဘုရားပိုင်းခြားပြခဲ့တာ... နားလည်ပြီနော်...။




ဘုရားရှင်ဉာဏ်တော်ကြီးနဲ့ တကယ်မြင့်ခဲ့တဲ့ လမ်းမှန်ကျင့်စဉ်ကို ဘုန်းဘုန်းတို့ သင်ရမှာ… အခြေခံမှာ တည်တယ်နော်‥။

သို့သော် ကိုယ့်မှာက ကျင့်ခဲ့တဲ့ ပါရမီဓါတ်ခံ အခြေခံပေါ်မှာ မူတည်တယ်နော်… ဘုန်းဘုန်းတို့ မှန်းဆကြည့်တော့ အားလုံးဟာဖြင့် ကာလအတိုင်းအတာတစ်ခုထိ ပါရမီဓါတ်ခံ အခြေခံ ရင့်ခဲ့လို့ သည်တရားကိုနာဘို့ အခွင့်အရေး ကြုံတယ်မှတ်ရမယ်… ကြိုးစားပြီးနာရမယ်နော်…။

နာတဲ့အခါမှာ မှတ်ရမှာက အဓိပညာနဲ့ ပတ်သက်တာကျတော့… ပညာရကြောင်းမှာ ဘုန်းဘုန်းတို့ သင်ခဲ့ပြီးပြီနော်… (မိတ်ဆွေကောင်း၊တရားနာ ၊နှလုံးသွင်းတည့်မှ)ရမယ်… ဟုတ်ရဲ့လား ၊ ရပြီနော် ‥။

ဘုရားရှင် ဟောတဲ့တရားတော်ကို နားကကြားအောင် နာမယ်။ မျက်စိကလည်း မြင်မယ်နော်။ နှလုံးသွင်းတည့်ခဲ့လို့ အသွေးအသား မှာ ခွေဖမ်းသကဲ့သို့ ကိန်းသွားလို့ တစ်ယောက်တည်း ပြန်တွေးနိုင်ရင် ပညာရပြီလို့ခေါ်တယ်။ သဘောပေါက်ပြီလား။ ကြိုးစားနာရမယ်နော်။ တရားမွန်ကို ဆက်မယ်နော်။

ဘုန်းဘုန်း တို့ သင်ကြားတာတွေက၊ ကိုယ်ပိုင်သိ တစ်ခုမှ မပါဘူးနော် ။ ဘုရား ဟောတာကို စာပေအက္ခရာတင် ထားတဲ့ ဘာသာပြန် စာပေ ကယူတာ ရှိတယ်။ ဆရာ့ ဆရာများ ထံနည်းခံပြီး ရသမျှ စုဆောင်းပြီး တော့ ပြန်သင်ပေး မှာနော်...။

နိဗ္ဗာန်က စရ အောင်နော် ။ ဘုန်းဘုန်းတို့အားလုံးဟာ အဓိကအချက် ။ သိချင်တာက နိဗ္ဗာန် ပဲ မဟုတ် လား၊ နိဗ္ဗာန် မျက်မှောက်ပြု ပါရစေလို့ ဆုတောင်းခဲ့တာ နော်..။ ကိုယ် မျက်မှောက်ပြုလို တဲ့ နိဗ္ဗာန် ဆိုတဲ့ စကားလုံး ၊ တရားသား မဟုတ်ဘူးနော်။ စကား လုံး သည် ဘုရားရှင် က ဘာကို ညွှန်ကြား သလဲ ။ စကားလုံးရဲ့ ညွှန်ကြားခံ တကယ့် တရားသား ကို ဘုန်းဘုန်း တို့ က သိရမယ် ။

နား လည် ပြီလား ။

နိဗ္ဗာန်ဆိုတဲ့ စကားလုံး ကို မကြားသေးခင် က ခန္ဓာဝန် ကျ သွား တဲ့ စစ် ကိုင်း ဘက် က ရွှေဟသံာတောရဆရာတော်ဘုရားကြီး က ဖွင့်ဆို သွားတာနော်။

နိဗ္ဗာန် ဆို တာ ကွယ်တဲ့ နိ အပေါင်း ဝါန က လာတဲ့စကား ပါ တဲ့။

(နိ ’ဝါ န)  နိ ဆို တာက မရှိခြင်း ၊


ကုလားစကား မှာ နိမ်း ဆိုတာ ရှိတယ် မဟုတ် လား ။ မရှိခြင်း တဲ့ ။

(ဝါနဆို တာ တဏှာ)လို့ ပြ တယ်..။

ပေါင်းတော့ ( တဏှာ မရှိ ခြင်း ) ကို ပြော တာ ။

တဏှာသဘောကို သိရင် ဘုန်းဘုန်း တို့ နားလည်လောက် ပြီနော်...။နိဗ္ဗာန် ဖြစ် လာ ပုံ ကို အစဉ်အတိုင်း ဆရာတော် ဘုရားကြီး က အမိန့်ရှိ တယ်။ သဒ္ဒါသင် တဲ့ ပုဂ္ဂိုလ် များ အ တွက်၊ ယုတ်တယ် ဆိုတာရှိတယ်။သဒ္ဒါနည်း အားဖြင့်တဲ့ ဝရယ် ရေးချာ ရယ် နငယ် ရယ်ခွဲရတယ်။ရေးချာ ဆိုတာ အရေးချာ အာ အဓိပ္ပါယ်ပဲတဲ့။နငယ်ရေး န ယူနော်။

ဝကို ဒေါရသ ဆိုတဲ့ သုတ်ဆိုတာရှိတယ်နော်။ ပုဒ်ခွဲမှာ သဒ္ဒါနည်းအရ ဇောဝဿသုတ် ဆိုတာ ရှိ တယ် တဲ့။ သတ် နဲ့ ဝ ကိုဗပြုရတယ်။




ပြီးရင် ပရဒွေးဝါဒပုဒ်နဲ့ ဗဆင့် ရတယ် ။

ဆင့်တော့ မှ ဗနှစ်လုံးဆင့် ဖြစ်သွားပြီနော်။

ရေးချ ရတော့မှ ပြန်ကပ်တာ ပြန်ကပ်တော့ နိရယ် ဗာရေးချာရယ် နငယ်ရယ် ပေါင်းလိုက်… ဖတ်တော့ နိဗ္ဗာန်နာ လို့ ဖတ်ရတယ်..မူရင်းစကား ။

ပါဠိစာပေ အင်္ဂလိပ် လိုပြန်ရင် နိဗ္ဗာန်နား ပဲခေါ်တယ်နော်။ မြန်မာတွေ က အ သတ် ထည့် သုံးကြတာတဲ့ ။ ရှေးတုံးက တံခွန် လို့ခေါ်တယ်။ နိဗ္ဗာန် ဆိုတဲ့ စကားထွက်တာ။ နိဗ္ဗာန်ကို မျက်မှောက်ပြု ရပါလို၏။ ဆုတောင်းတော့ သုံး တော့နိဗ္ဗာန် စကား လုံး က မြင် စရာလို့ထင်သွားကြတာ..။နိဗ္ဗာန်ဆိုတာ မြင်စရာ ခံစားစရာ မဟုတ်ဘူးလို့ မှတ်ရမယ်။ မြင်တယ် သိတယ် ပြောကြတာနော်။ နိဗ္ဗာန်စကား လုံးက မြင်စရာ ခံစားစရာ မဟုတ်ဘူး တဏှာမရှိတဲ့ သဘောကို ပြောတာပါတဲ့။


ဘာ မရှိတာလဲ တဏှာ မရှိတာ သဘောကို လိုက်တဲ့အခါ ဘာသာပြန် စာပေ မှာ ဆရာတော်ဘုရားကြီးတွေ အနက် အများကြီး ပြန်ထားတာ ရှိတယ် ။အများဆုံး သုံးတာ ကြည့်လိုက်တော့..။

**အာရုံ၌ ကပ်ညိခြင်း ၊ အာ ရုံ ကိုချုပ်စပ်ခြင်း ။**

သိတဲ့အာရုံ ကို ကပ်ညိတဲ့ သဘောတရား ပြောတာတဲ့၊ သည်မှာ အာရုံကို နားလည်သွားရင်ရပြီနော်.. ကပ်ညိပုံလည်း သိရလိမ့်မယ် တဏှာဖြစ်တဲ့အခါ ဒိဋ္ဌိ၊မာန တစ်တွဲ တည်းလို့ သာမှတ်တော့နော် ။ နောက်မှ ပြန်ကောက်ရအောင်နော်။ အာရုံဖြစ်ပေါ် တဲ့ နေရာ ရှာရအောင် နော်။ လူတွေမှာ အာရုံသိနိုင်တဲ့နေရာ ၅ာန ၆ခုရှိ တယ်။ သတ္တဝါတိုင်း မှာ ၆ ခု ထက်မပို ဘူးတဲ့။

မျက်စိရှိ မယ် ၊ နား၊ နှာ ခေါင်း လျှာ၊ ကိုယ်၊ စိတ်၊ ၆ ၅ာ န ရှိ တယ် ။


သူ ရဲ့ တည်ဆောက်ပုံ က ပင့်ကူအိမ်လို ပဲလို့ တဲ့၊ ဒွါရ၆ ပါး တည်ဆောက်ပုံ ကို ကြည့်ရအောင် နော်။




ဘုရားရှင် ရဲ့ ဥာဏ်တော်ကြီး နဲ့တည်ဆောက်ပုံ ကို ပင့်ကူအိမ် နဲ့ ဥပမာ ပေးခဲ့ တာ ။ ရှေးတုံးက ခန္ဓာဗေဒ က မထွန်းကားသေးဘူးနော်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၅၀ ကျော် ဆိုတော့ မထွန်းကားသေးဘူးနော်..။ ဘုရားကအားလုံး နားလည်လွယ် တဲ့ဥပမာပေးခဲ့တာ ။ ပင့်ကူအိမ်လို ဥပမာ ပေးခဲ့တာ..ပင့်ကူဆိုတာ ကြိုးတွေ သွယ်မထားဘူးလား။ နေ တော့ ဘယ်မှာနေသလဲ။အလယ်မှာနေတာနော်။ ကြိုးစ တစ်စ မှာ အကောင်ညိရင်လှုပ်မသွားဘူးလား။ လှုပ်ရင် အကောင်လေး ကို ဖမ်းပြီးတော့ အလယ်မှာစားတာ ။ အဲလိုပဲ ဒွါရ ခြောက်ပါး

တည် ဆောက်တဲ့အခါမှာ။ မျက်စိ ၊ နား ၊ နှာ ခေါင်း ၊ လျှာ ၊ကိုယ် ၅ ဌာ န  ၊ စိတ်က မှီထား တာ ဘဝင် မှာမှီထားတာ။နားလည်တယ်နော်။ စိတ်ပေါ်ရင် စေတသိတ် ပါတာကိုး ။

သို့သော် သူ့ချည်းသပ်သပ် ပေါ်မနေဘူးတဲ့ အိပ်ပျော်နေရင်တော့ အဆက်အသွယ် မရ ဘူး ဘဝင်စိတ်ခေါ်တယ်။  နိုးတော့မှ အာရုံဒွါရ တိုက်တဲ့အခါ သွားသွား ပေါင်းတာ။ ပေါင်း တော့မှသိတာ  ဆိုင်ရာ ကို သိသဘော ရှိတာ။စိတ်သဘော နဲနဲ ပြန်ပြော ရအောင်နော်။ စိတ်သ ဘော အစပြန် ကောက်ရအောင်နော်။





နှလုံးအိမ် ထဲမှာရှိတယ် လို့ အမိန့်ရှိတယ် နော် ။ အဖျားပိုင်းမှာ အနည်းငယ်သော သွေးစိတ် မှီ တယ် ။ ဆေးပညာ နဲ့ ကြည့်ရအောင် အခန်း က ၄ ခန်း၊ တစ်ကိုယ်လုံး အနှံ့က ပြန်တဲ့ သွေးတွေက အခန်း ၁ ကိုဝင်တာ။ နှလုံးအိမ် ထဲမှာ အဆို့ရှင် လေးတွေရှိတာနော်။ အောက်ကညှစ် တဲ့အခါ အပေါ် မတက်အောင် ပိတ်ထားတယ်။အပေါ်ကညှစ်ရင်  အောက်ကို ဆင်းအောင် ဖွင့်ပေးတယ်။

အခန်း ၁ ဝင်တဲ့ သွေးတွေမှာ ဘာပါလဲဆိုရင်  အပူဓာတ် ပါလာတာ ။ ခန္ဓာကိုယ် မှာ မပြတ် ပျက်စီးတဲ့ အခါမှာ သေးငယ်တဲ့ ကလာပ်စည်း တွေက အစအန မကျန် အောင် ပျောက်ကုန်တာ။ ပျောက်တဲ့အခါ အပူဓါတ် ပဲ ကျန်ခဲ့တာ ၊ ဥပမာ လက်ကို အကြိမ်ကြိမ် ဆုပ်ကြည့်တဲ့အခါ  အေးလာမလား ပူလာမလား ။ ပျက်စီးသွားတာကိုး ။အဲသည် အပူဓါတ်

ကို သွေးပြန်ကြော က သယ်လာတာ။အခန်း ၂ ကတဆင့် အဆုတ် ကိုသွား တာ။  လေအိတ် ကြီးပဲတဲ့ ။ အဲသည် အပေါ်ယံ မှာ ပိုက်ကွန်ယှက် သလို… သွေးကြောလေး တွေက အခန်းဖွဲ့ သွားတာ။ အခန်းပေါင်း ၂ သန်းကျော်ရှိတယ်တဲ့။ ဖြတ်သန်းပြီး မှ ပေါင်းပြီး တော့ အခန်း၃ကို သွားပါတယ် လို့မှတ်ပါ။

ဖြတ်သန်းခိုက် မှာ က လေအေးထဲကို အပူဓါတ် က ကျန်နေခဲ့တာ။အပူဓါတ် က အေး တဲ့ ဘက်ကို စိမ့်သွားတဲ့ သဘောရှိ တာ။ သိပါပြီနော် ။ ထွက်တဲ့လေ က ပိုပူတယ် ဝင်တဲ့ လေကအေးတယ် ။ နေမကောင်း ရင်ပိုသိသာတယ်နော် ။ အများကြီး ပျက်စီးလို့ရှိရင် နှာခေါင်း က လေက ပိုပူတယ်။ ပျက်စီးနှုန်း များသွားရင် အပူဓါတ်ပိုထွက်တာ။ အဖျားပိုင်း အခန်း အခန်း ၃ မှ ၄ ကို သွား ပါ တယ်။၄ ကမှတကိုယ် လုံးကို သွားတာလို့မှတ်ရမယ်။ ဘုရားဟော အရ ဆေးကျမ်း နဲ့ ပြန်ကြည့်တော့ အ ဖျား ပိုင်း အခန်းသည် တစ်ကိုယ်လုံး ပို့တဲ့အခန်းဖြစ်နေတယ်။ အဲသည်အခန်း မှာ စိတ်မှီတယ် လို့ ကောက်ချက်ချရမယ်။




သို့သော် ဘုန်းဘုန်း တို့ကို  စိတ်ရဲ့ သဘောတရား ကို သေချာ မသိသေးဘူး နော်။။ မနေ့က ပြောသလို မဟာစည်ဆရာတော်ဘုရားကြီး ရဲ့ ကျေးဇူးနဲ့ လျှပ်စစ် နဲ့ အင်မတန် တူတာ ထောက်ပြသွားတယ်။ မီးလုံး ထဲမှာ တစ်စက္ကန့်ကို အကြိမ် ၅၀ တဲ့။ အဲ သည် ပမာ

မှတ် တဲ့ ဆရာတော်ဘုရားကြီးကအမိန့်ရှိ တာ။ ကြိမ်နှုန်း ခေါ် တာပေါ့ ။ ပေါ်လိုက် ချုပ်လိုက် ကြိမ်နှုန်းရတယ်။ အထည် ကိုယ်ကောင် မရှိဘူးတဲ့။ဘုရားဟော နဲ့ ကိုက်သွား ပြီနော်။

(ဒွတင်္ကမံ၊ဇကစာရံ၊အသေရံ၊ဂုဟာသယံ၊ယေစိတ္တံ၊သမ္မသန္တိ၊မောက္ခံတိ၊မာရပသန္တံ)

အင်မတန်ဝေး တဲ့ အရပ်က အာရုံကို လည်းဆွဲယူ ကျက်စား နိုင် တယ်တဲ့။ ဘယ်လောက် ဝေးဝေး လှမ်းပြီး တော့ ဆွဲနိုင်တယ် ။ တီဗီ စက်များလိုပဲ ။ မိုင် ပေါင်း များစွာက ပုံရိပ် သည်မှာ လာ မပေါ်ဘူးလား။ အဲသည် အတိုင်း ခုနေ မြန်မာပြည် ဆို အဝေးကြီး မဟုတ်လား ။ ရွှေတိဂုံဘုရား လို့ ပြောတော့၊ ပုံပေါ် မလာဘူး လား ။ကျိုက် ထီးရိုးဘုရား ပြောလိုက် ရင် လည်း ဖွဲ့လို့ ရတယ် ။အင်မတန် အံ့သြစရာ ကောင်းတယ် နော်။အဲသည် ပမာလို ပဲ ကိုယ်ကောင် မရှိ ဘူးနော်။နှလုံးသား တည်းဟူသော လှိုဏ်ဂူထဲ မှာ မှီပါ တယ်ဆို တဲ့ စကားလည်း မှန်နေပြီ ။

တစ်ခါပေါ်ရင် တစ်စိတ် ပဲ ပေါ်တာတဲ့ မြန်လို့ ဆက်တယ် ထင်ရ တာ ။ အဲသည် စိတ် ကိုဆုံးမနိုင် ရင် သေခြင်းကင်းရာ ရောက်ပြီ တဲ့၊အဲ တော့ ဒိုင်နမို လည်တဲ့အခါ မီး ထွက် သလိုလို့ မှတ်ထားရ မယ်။ သည်မှာ တစ်ခုမှတ်ခဲ့အုံးနော်..။သည်မှာ မှီပြီးတော့ အာရုံတွေ ကို ဆွဲယူ ကျက်စား တဲ့ အခါမှာ တဲ့ ခွေဖမ်းသလို..။ စိတ်ကူးပြီး တိုင်းပြီးတိုင်း သော အတွေးများ အားလုံးသည် အချိန်နဲ့အမျှ ပြီးသော်လည်း ပဲ စိတ်မှီတဲ့သွေး က တစ်ဆင့် တကိုယ် လုံး အနှံ့ ၊ ရိုးတွင်း ချဉ်ဆီတိုင် အောင် ဦးနှောက်လည်း ပါတယ်နော် အားလုံး မှာတဲ့ ၊ သတ္တိကျန်ခဲ့တယ် တဲ့။

အဲဒါ ဘုန်းဘုန်း တို့ရဲ့ စွမ်းအားပဲ။ စိတ်ကူးတာ အားလုံးမှာ အရိပ်ကို အကောင်ထင် ပြီးကူးတဲ့အခါ.. မကျေနပ်စရာတွေ.. အားမရစရာ တွေ၊ ဒေါသဖြစ်စရာတွေ၊ အပူတွေ၊ စေတနာဆိုးတွေ၊များများကူးရင် သည်ထဲ အကုန်ဝင်တာပဲ။ သတ္တိကိန်းတော့တာပဲ။ဒါ ဆိုရင် အခြေအနေ မကောင်းတော့ဘူး၊ပျက်စီးတော့မယ်တဲ့။ သံကြောင့်ဖြစ် တဲ့ သံချေးဟာ သံ ကို ပြန်စားသလို ပဲတဲ့ ။ သည်ထဲမှာ ပျက်စီးတော့မယ်။ စိတ်ကူး တဲ့ အခါမှာ မနေ့က သင် ခဲ့

သလို မေတ္တာ အခြေခံ ပြီး တစ်ဘက်သား ကို ထပ်တူ၊ ကိုယ် နဲ့ထပ်တူထား တစ်ဘက် သား ပျော်သွားအောင် ၊ ပြုံးသွားအောင် ၊ စောင့်ရှောက်ပြီး ထပ်တူထား ၊ ပေးကမ်း ဝမ်းသာ နေရင် စွမ်းအား ပြည့်လာတာ။အဲဒီသတ္တိဟာ အရောင်တောက်တယ်၊ အနံ့မွှေး တယ် ဖွံ့စည်း ပုံကောင်းပြီး သည်ထဲမှာစွမ်းအားပြည့်လာတာ..။အဲဒီသတ္တိ ဟာ သေတဲ့အခါ မှာလည်း သစ်ပင် နဲ့မျိုး စေ့လို အဆင့်ဆင့်တဲ့ ။

ဘဝအဆက်ဆက် သတ္တိ ပါ သွားတယ်။ ဖွံ့စည်းပုံ ပိုပို ကောင်းလာတယ် ။ နောက် ဆုံး လက္ခဏာတော် ၃၂ပါး အထိအောင် အ ကောင်းဆုံး ဖြစ်လို့။ နောက်ဆုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆုံးပေါက် တာ ။ နားလည်ပြီနော် သည်နေရာလေး က အရေးကြီးဆုံးအချက် ဖြစ်နေပြီနော်။ ဘယ်အာရုံ တိုက်တိုက် မျက်စိ ၊နား ၊ နှာခေါင်း၊ လျှာ၊ ကိုယ် တိုက်ရင် သည်စိတ် ကသွားသွား ပေါင်းရတာ။ အိပ်ပျော်နေ ရင်တော့ မပေါင်းနိုင်ဘူးတဲ့၊ ဒါသိထားရမယ်နော် ။ ဒါဖြင့်ရင် ဒွါရ ၆ ပါးပြန်ဖေါ်ရ အောင်နော်။ အာရုံကြော တွေ ပြန်ပြ လိုက်ပါအုံး၊။


အားလုံး မှာ အာရုံကြောတွေရှိတာ အားလုံးသိပြီးသားနော်။ အာရုံကြောမကြီး က တစ်ဆင့်ဆိုင်ရာဆိုင်ရာအားလုံး ဆက်သွယ်ထားတာတဲ့ ။ တစ်ကိုယ်လုံး အနှံ့ကို ဝိုင်ယာကြိုး သွယ်သလိုဆက်သွယ်ထားတယ်လို့သိရ မယ်။ အဲဒါကို ဘုရားဉာဏ်တော် နဲ့ပေါ်တော့တာ။

ဒွါရ ၆ပါး က ၅ ခုရသွားမယ်။

မျက်စိ၊ နား ၊နှာ၊ ခေါင်း လျှာ ကိုယ်၊

တစ်ချို့ အာရုံ ကြောများသည် မျက်လုံးမှာ သွားအဆုံးသတ်တယ်၊ အဆုံးသတ်တဲ့ နေရာလေးသည် အင်မတန် သေးငယ်တဲ့ သန်းရဲ့ဦးခေါင်း လောက်ပဲရှိတယ်လို့ပြတယ်၊ မင်းကွန်း ဆရာ တော်ဘုရားကြီး ရဲ့ ကျေးဇူးပါပဲနော်။ ဆဋ္ဌက သုတ္တန်မှာ အ မိန့်ရှိထားတော့ ဘုန်း ဘုန်းတို့ ကမ္ဘာကိုပြရတာ အားရှိတယ်နော်။ ဒါကြောင့် ဘုန်းဘုန်း တို့ အပြင်ထွက်ရဲတာ၊အပြင်ထွက် ပြီးဟောတယ် ဆိုတာကလည်း ခိုင်ခိုင်မာမာ ရှိမှ ဟောလို့ကောင်းတယ်..။

တစ်ခါ နားမှာလည်း အမွှေးလိမ်လေး ရှိပါတယ်ဆိုတာ အမှန်ဖြစ်နေတယ်။ နှာခေါင်း မှာလည်း ဆိတ်ခွာ သဏ္ဌာန်ဆိုတာ တကယ်ဆိတ်ခွာ နဲ့တူနေတယ်။ အဲသည်မှာ အကြည် ဓါတ်လေး ဆက်သွယ်ထားတာ အာရုံကြော ဆက်ထားတာနော်။



လျှာပေါ်မှာလည်း ကြာရွက် သဏ္ဌာန်အကြည်ဓါတ် ရှိတာလည်း အ မှန်ဖြစ်နေ တယ်။ အဖုလေး က အောက်က သိမ်တယ် အပေါ်ကဝိုင်း တယ်။ အာရုံကြော ဆက်ထားတာနော် ။ တာကြာရွက် နဲ့တူမနေဘူးလား ။ ကိုယ်အနှံ့မှာ လည်း မွှေးညှင်းတစ်ပေါက် မကျန် အတွင်းအပြင် အားလုံးဆက်သွယ်ထား တာနော် ရပြီနော်။ ကျန်တာ အာရုံကြော မရောက် တဲ့၊ ဆံပင်၊ လက်သည်း ၊ ခြေသည်း အရေ ပြား ခြောက်၊ ချန်ထား လိုက်တော့။ ကျန်တဲ့နေရာ အကုန်အနှံ့ ရှိတယ်တဲ့။အဲသည် အာရုံ ကြောအဖျားပိုင်းလေးတွေ မှာ အာရုံတိုက်ရင် သိခွင့်ရတဲ့ နေရာလေးတွေဖြစ်နေတယ် ။

အဲတာကို ဘုရားရှင် က တစ်နည်းအားဖြင့် အာယတန လို့ခေါ်တယ် ။ စိတ်စေ တသိတ် တို့ ဖြစ်ခွင့်ရတဲ့ အကြောင်း တဲ့။ အတွင်းအာယတန ၆ ပါး ၊ ဘဝင်ထိ ၆ ပါး ။သို့ သော် သူတို့ချည်း မရသေးဘူးနော် အပြင်ကအဆင်း၊ အသံ၊ အနံ့၊ အရသာ ၊ အတွေ့ အထိ၊ ဓမ္မာရုံ။၂ ခု ဆုံမှ စိတ်နဲ့စေတသိတ် ဖြစ်ခွင့်ရမှာ။ သဘောအဓိပ္ပါယ် ကတဲ့ နားလည်

အောင်ပြောရရင် ဘက်ထရီအိုးထဲမှာ လျှပ်စစ်ဓါတ် ရှိတယ် ၊ အဖို ၊ အမငုတ်လည်း ရှိတယ်။ ဝိုင်ယာ ၂ခု သွယ်ပြီး မခတ်ပဲနဲ့ မီးလင်းပါ့မလား။လျှပ်စစ်ဓါတ်ရှိမှန်း မသိရဘူး နော်။ အဲလိုပဲအာရုံ ဒွါရ ၂ ခု တိုက်တော့ မှ ဖြန်းကနဲ လောင်ခွင့်ရတာ။ သပ်သပ်စိတ် က ပြေးမနေ ဘူးလေ။အဲဒီတစ်ခုတော့ သိဘို့အရေးကြီးတာ ။

ပြန်ပြောမယ်နော်။


ဘုရားလက်ထက်အခါတုံးက ၊ ရဟန်းတစ်ပါး ၊ တံငါသည်သားလို့ ခေါ်တယ်။ သာတိ တဲ့..။ ဘုရား တရားကို ငါသိပြီ တဲ့ အမှားသိ ကြီးနဲ့ပြောတာ။ အမှန်မထင် နဲ့အမှား သိနော်။ ဝိညာဏ် ဆိုတာလေးကသပ်သပ် သွားနေတာတဲ့။ ဟို ခန္ဓာဝင် သည်ခန္ဓာဝင် နဲ့ ဘဝကူး တာပဲတဲ့ ။ ငါသိပြီလို့လျှောက်ဟောနေတာတဲ့။

ဘုရား ကိုတိုင်တယ်။ ဘုရား ကသူ့ကို သံဃာ ရှေ့ခေါ်ပြီးတော့..**တုစ္ဆ** လို့အမိန့် ရှိတယ်။**မင်္ဂဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ား** တဲ့ ။ ငါဟောတာ ဘယ်နှစ်ခါ ကြားဘူးလဲတဲ့ ။ ဘုရားက အဲလိုတခါမှ မဟောဘူး စိတ်ကပြေးသွားတယ် ဆို အမှားပဲနော်။ **စိတ်ကမပြေးနိုင်ဘူး**။ စိတ်သပ်သပ်က ပြေးတယ် ဆိုတာမဟုတ်ဘူး မှားနေတယ်။ စကားလုံး လည်းမမှား စေနဲ့။ အလုပ်လည်းမမှား စေနဲ့နော်။ ဘုရား က အမိန့်ရှိတယ်။ မြက်ကို စွဲ လောင်ရင် မြက်မီး ခေါ်သလိုပဲတဲ့။

အာရုံ၊ဒွါရ မျက်လုံးမှာလာပြီး ဆုံတဲ့အချိန် မှာ ရုပ်နာမ်ပေါင်းလောင်ရင် စက္ခုဝိ ညာဏ် လို့ခေါ်တာ။ သိသဘောလေး ဖြစ်လိုတ်တာ။ ဝိညာဏ် လို့သုံးလိုက်တာ ဘုရား က။ သည်အတိုင်းပဲ ဆိုင်ရာဆိုင်ရာ နားမှာ ရုပ်နာမ် ပေါင်းလောင်ရင်လည်း သောတဝိညာဏ်၊ ဒါပဲပြီးရင် ပျောက်သွားတာနော် တနေရာမကူး နိုင်ဘူးနော်။ နှာခေါင်း မှာပေါင်းလောင်ရင် ဃာနာဝိညာဏ် ဆိုပြီးပျောက်သွားတာ။ လျှာမှာလောင်ရင် ဇိဝှာဝိညာဏ် လို့ခေါ်လိုက် တယ်။ ကိုယ်မှာလောင်ရင် ၊ ကာယဝိညာဏ် ။ ဘဝင်မှာမှီလောင်ရင် မနောဝိညာဏ် ။ ပြီး ရင်ပျောက်သွားတာ။ မပြေးနိုင်ဘူး။ အဲဒါကိုလျှောက်ပြေးတယ်ထင်ရင် မှားသွားလိမ့်မယ်တဲ့ ။


ဒါလေးအယူအဆမမှားစေနဲ့နော် ။ကောင်းပြီ အဲသည်ဒွါရတွေမှာ ရုပ်နာမ်

ပေါင်းလောင် ပုံ လေး ကိုပြောရအောင်နော်။ တစ်ခုချင်း သွားရအောင်နော်။ မျက်စိမှာ ခန္ဓာငါးပါးဖြစ် ပုံလေး ရှာရအောင် ။ မျက်လုံးမှာ ပေါ်တာကြည့်လိုက်။




မျက်စိအကြည်ဓါတ် အာရုံကြော အဖျားပိုင်းရှိမယ်နော်။ အဲသည်မှာ အဆင်းတိုက်ခဲ့တဲ့အချိန်မှာအဲဒီဒွါရမှာ အသစ်သစ်အစားထိုး တဲ့ ကလာပ်စည်းလေးတွေရှိတယ်နော်။အဆင်းလှိုင်းလေး တွေကလည်း ဖေါက်ဝင်လာပြီး တိုက်တာနော်။ ဒီမှာ မှန်ဘီလူးရှိတယ်နော်။အလင်းတန်းတွေ ဖေါက်ဝင်လာတာပဲ ။ အဲသည်အချိန်လေးမှာ နာမ်လေးပါးဘဝင် ကပြတ်ပြီး လာပေါင်းရတာ။ အဲတော့မှပေါင်းတာ ဖြစ်ခွင့်ရတာ။ ပေါင်းလောင်တော့မှ ဖဿဖြစ်တော့မှ အဲဒီ အဆင်းအာရုံ ကို သိသဘောလေးဖြစ်တာ။အဲသည် အချိန်မှာ ပဲ ဘုရား က အမည်ပေးလိုက်တယ်။ အာရုံ ၊ဒွါရ ကရုပ်လို့ခေါ် မယ် ၊ ပြီးတော့ ဝေဒနာ ၊ သညာ၊ သင်္ခါ ရ၊ ဝိညာဏ် ၊ ဝိညာဏ် ဆိုတာစိတ်ရဲ့ အမည်ဖြစ်နေပါတယ်။ စိတ်အမည် က ဝိညာဏ် ပြောင်းသွားပြီနော် ။ စေတသိတ် ၅၂ပါး အမည်ကျတော့ ဝေဒနာ ၁ ၊ သညာ ၁ ၊ သင်္ခါ ရ ၅၀။ဘုန်းဘုန်း တို့ ညဝါကျမ်း ထဲကနော်။အဘိဓမ္မာညဝါကျမ်း ထဲမှာပါတဲ့ အတိုင်း။

တစ်ပေါင်းတည်းဖြစ် တစ်ပေါင်းတည်း ချုပ်ပါ ၊ ခွဲလို့မရဘူး ။ ဘုရားမို့ သာ ပိုင်းခြားမြင်နိုင်တာလို့ မှတ်ရမယ်။သည်နေရာ အခက် ဆုံးနေရာနော်။ သည်နေရာ မှာ မိလိန္ဒပညာ မှာပါတယ်နော်။ အရှင်ဘုရားတဲ့။ ဘုရားရှင် ပြုနိုင်ခဲ့သော ခဲယဉ်းသောအရာ ရှိပါသလား..။ ရှိတယ် မင်းကြီးလို့ ဖြေတယ်။ ဘာပါလဲ ဘုရား လို့မေး တဲ့အခါမှာ ။ အာရုံ ကို သိခွင့်ရ တဲ့ အခါမှာ ။ အာရုံသိ တစ်ချက် မှာ အာရုံကျတဲ့ နာမ်လေး ပါး ပေါင်းစပ်ပါဝင်ပုံ၊ အာရုံယူပုံ ကို ပြခဲ့တယ်။။ ပိုင်းခြားပြနိုင်ခဲ့တယ်။




သိတချက်မှာ စိတ်စေတသိတ်၊ ရုပ် တွေ ပိုင်းခြား ပြနိုင်ခဲ့တယ်။ အခက်ဆုံး အရာ.. တဲ့ ကိုယ်ပိုင် တကယ်မသိ နိုင်ဘူး ။ အဲဒါ ကိုယုံကြည်မှု နဲ့ သွားရမှာ။တကယ်အသိ နဲ့ ယုံကြည် မှုသဒ္ဓါအသိ မတူပါ ဘူး ။

ဘုရားရှင် က တော့ မျက်စိ နဲ့ မြင်သကဲ့ သို့ တကယ် ပိုင်းခြားမြင်တာ။ဘုန်းကြီး တို့ က တကယ်မသိနိုင်ဘူး။ ယုံကြည်မှုသဒ္ဓါ နဲ့ သွားရတယ် ။ တကယ်အသိ နဲ့ သဒ္ဓါအသိ ။ သဒ္ဓါအသိ..ဆိုတဲ့ သဘောဆိုတာ ယောဆရာတော်ဘုရားကြီး ကရှင်းပြလို့ သိရတာ ။မင်း

တို့တဲ့ လက်ရှိ ကမ္ဘာ့မြေပုံကြီး ကို ယုံကြသလား လို့ မေးတယ် ယုံပါတယ်ဘုရားလို့ဖြေ ကြရတယ်။

ဆရာတော်ကြီးကထောက်ပြတာ အင်မတန်ရှင်းတယ်။ယုံရအောင်ကွယ် မင်းတို့ ကိုယ်တိုင် ကမ္ဘာအနှံ့အကုန် ရောက်ဘူး တာလားလို့ မေး တယ် ။ ရောက်ပါ့မလား။ ရောက်ဘူးတာ အစိတ်အပိုင်း တစ်ခုလောက်သာ ရောက်ဘူးတာ။ သည်ဟာ မှန်နေတော့ ကျန်တာတွေဟုတ်လိမ့်မယ်လို့ …မှန်းဆလက်ခံထားတာ ကို သိတော့သိတယ် သဒ္ဓါသိ လို့ … ခေါ်တယ် ။ တကယ်သိလား ။ အဲသည့် အတိုင်း ပဲ ခန္ဓာ ၅ ပါး သဘောတရားဟာ အာရုံ ဒွါ ရ တိုက်ချိန် မှာ တစ်ပေါင်းတည်း ဖြစ် တပေါင်းတည်း ချုပ်ပါတယ် ဆိုတာကို ဘုန်းဘုန်း တို့က ဘုရားမြင်သလို အကုန်မြင်စရာ အကြောင်းမရှိဘူး ။ခွဲခြားနိုင်စွမ်းအား ရှိပါ့မလား။ မရှိပေ မဲ့လို့သိတာတော့ မှန်သွားပြီ။

ပြီးရင် သူ့သဘော က ဆန်းကြယ်တယ် ဖြစ်ပြီးရင် အာရုံကြောက ဆက်မနေဘူးလား ။နှလုံး နဲ့ ဆက်မနေဘူးလား။ တာ ဘဝင်ကို ပြေးပွင့်တာပဲ တီဗီစက် ဖမ်းသလို ပဲ။ ဘဝင်ကိုမှီ ပြီး အာရုံစွဲလိုက်တော့ အရိပ်ပေါ်မလာ ဘူးလား..။ ပေါ်လည်း သည်၅ခု ပဲ။ အခံခါတ် က ဘဝင်ဖြစ်သွားတယ်။သည်နေရာကျတော့ အရိပ်ဖြစ် သွားတယ် ။ အဲဒါကတော့ လက်တွေ့ဖြစ်နေတာ ။ ဘုရားဟောတာ ဟုတ်ပြီ လို့လက်ခံရလိမ့်မယ်။

ပေါ်တဲ့အချိန်မှာ လိုက်ခွဲလို့ရပါ့မလား။ ရုပ်၊နာမ် ကို ပိုင်းခြား သိနိုင်တဲ့ ဉာဏ်ကိုယ့်မှာ ရှိပါ့မလား ။ သို့ သော် ယုံကြည်မှု နဲ့ ဟုတ်တယ်လို့ သဒ္ဓါအသိလေး ဖြစ်ရင် ပဲတော်ပြီ။ လုံလောက်ပြီ။ အဲဒီ မှာ တော်တော်လေး အယူအဆလေး တွေကွာကြတယ် ။

တချို့က ကျမ်းတွေမှာ လည်းပါတော့ စာဖတ်များတဲ့ သဘောလည်းရှိတယ်။အယူအဆ မတူကြဘူးပေါ့။ ကိုယ့်ဖာသာ တရားထိုင်၊ သမာဓိ ကောင်းပြီး ရုပ်၊နာမ်တွေခွဲ ခြားပြီး မြင်လာမယ် လို့ထင်ကြတယ်။ အလိုလို သိလာမယ် ထင်ကြတာအဲလို မဟုတ်ဘူးနော်။ ယုံကြည်မှု နဲ့ သွားရမှာ..။ ဘုရားကိုယ်တိုင် ဝန်ခံထားပြီးသား။ အခက်ဆုံးအရာ။ မိလိန္ဒမင်းကြီး က မေးတော့ အရှင်နာဂသိန် ကဖြေခဲ့ တယ်။ အခက်ဆုံးအရာတဲ့ ။

အရှင်ဘုရားတဲ့ ဘယ်လောက်ခက်ပါသလဲ..မေးခွန်းထုတ်တယ်။ မင်းကြီး တဲ့ ဥပမာ ပြောမယ်။ လူတစ်ယောက် ကိုကွယ်။ ပင်လယ်ကမ်း စပ်ကိုလှေနဲ့ သွားခိုင်းလိုက် ။ ပင်လယ် ရေကို လက်ခုပ်နဲ့ယူ..လျှာနဲ့တို့။ မြစ်ကြီးတွေ ရှိတယ်နော်။ အိန္ဒိယမှာ၊ ဂင်္ဂါ၊ယမုံနာ၊ အစီရဝတီ စသည်ဖြင့်ရှိတယ်။ ပင်လယ်ရေ ထဲက မြစ်ရေတွေကို ပြန်ခွဲပေးပါ ပြောတော့... ။ ဘုရင်ကပြောတယ် မဖြစ်နိုင်ဘူးတဲ့။ အဲဒါကမှ လွယ်ရင် လွယ်လိမ့်အုံးမယ် ။

သိတစ်ချက်မှာ ဒါက စိတ်၊

ဒါက စေတသိတ်၊

ဒါက ရုပ် ၊ ပိုင်းခြားသိဘို့ အင်မတန် ခဲယဉ်းတယ်တဲ့..။ ဘုရားရှင်ပြနိုင်ခဲ့သော အခက်ဆုံး အရာတဲ့။ အပြောလည်း မမှားစေနဲ့ ။အကျင့်လည်းမမှားစေနဲ့။တချို့ ကရုပ်နာမ် ပိုင်းခြား သိအောင် ထိုင်မယ် ကိုယ့်ကိုကို သိရမယ် ထင်တာ။ ဆရာသမား က သင်တဲ့ အခါမှာ ဂရု စိုက်နားထောင်ပြီး ဒါကိုပြောတာပါလား လို့ ယုံကြည်မှု နဲ့သဘောပေါက်သွား ရင်ရပြီ။

မသိနိုင်တာ ကို ဘုရားရှင် က ဘာကြောင့်ဟော သလဲဆိုတော့၊ ခန္ဓာငါးပါး ဆိုတဲ့ သိ သဘော တစ်ချက်မှာ ။ ၅ ခု ပေါင်းစုတာကို ခန္ဓာခေါ်တာ။ခန္ဓာ ဆို တာ အပေါင်းအစု။ အ ကောင်အထည် သတ္တဝါ၊

သည်ကိုယ်လုံး လည်းခန္ဓာပဲနော်..


ပေါင်းစုတာ မှန်ရင် ခန္ဓာ ခေါ် တာကိုး ။

ငါးမျိုး သဘောပေါင်းစု လို့ သိသဘောတရား ကို ခန္ဓာငါးပါး ခေါ် တယ်။

အဲဒီသိ သဘောတရား ၌ အကောင်အထည် ၊ သတ္တဝါမပါ ကြောင်းလေး ဉာဏ် ထဲရှင်း သွား ရင်လိုရင်းရပြီ။ အကောင်အထည် သတ္တဝါမပါကြောင်း လေးသိရင် လိုရင်းရောက်ပြီ ။

နားကို သွားကြည့်ရအောင်နော် မယ် နားထဲမှာလည်း အသံတိုက်တဲ့ အ ချိန် ။ ဘုရား ဟောတဲ့အတိုင်း အမွှေးလိမ်လေးဆို တာတကယ်ရှိပါတယ် ။ ပွန်လိမ်လေးပဲနော် ။အာ ရုံ

ကြောကလာဆက်ထားတာ။ အသစ်သစ် အစားထိုး တဲ့ရုပ်ကိုအသံလှိုင်း လာတိုက်တာ စိတ် စေတသိတ် တွေ ဘဝင်က ပြတ်ပြီး လာပေါင်းရတာ။ တို့အဘိဓမ္မာကျမ်း မှာ ပါပြီးသား နော်၊ ဘဝင်ကပြတ်တာကို ဘဝင်္ဂုပစ္ဆေဒ ခေါ်တယ်။




ရုပ်နာမ် ပေါင်းလောင်တာ ဖဿ လို့ခေါ် တယ်။

အဲသည်အချိန်မှာပဲ အသံအာရုံ သိသဘောဖြစ်လိုက်တာ။ မနားဘူးနော် သည်မှာ တင်မနား သေးဘူးနော် ။ သိပြီးလို့ရှိရင် အနန္တရ ပစ္စယောနည်း အားဖြင့် ၊ မနေသွား မပေါ်ဘူးလား ရ မယ်နော်။၊၂ ဆင့် ၂ ဆင့် သိတာမှတ်ရမယ်။ သိတိုင်း သိတိုင်း မှာ၅ခု ၅ခု ဖြစ်တာ။ ဘုန်း ဘုန်းတို့ ဉာဏ်နဲ့ခွဲလို့ ရပ့ါမလား ။ ဘယ်လိုမှမရနိုင်ဘူးနော် ။အဲဒါ ခွဲရတယ်ထင်ရင်အ မှားပဲနော်။ သဘောပေါက်ရဲ့လား ။ ဒါကြောင့် မို့ လို့ ယုံကြည်မှုသဒ္ဒါ ကစရမှာ ။

**အဲသည် ၅ ခု မှာ၊**

**ရုပ်သဘောသည် ရေမြှုပ်ကဲ့သို့ ၊**

ဝေဒနာသည် ရေပွက်ကဲ့သို့ ၊


သညာ က တံလှပ် ကဲ့သို့ ၊

သင်္ခါရ က ငှက်ပျောတုံး ကဲ့သို့၊

ဝိညာဏ် က မျက်လှည့်ကဲ့သို့

လို့ဘုရားက ဥပမာ ပေးခဲ့တယ်။ သိတစ်ချက်မှာ အကောင်အထည် မပါတာအမှန် ပဲ။သေချာပလား ၊ မနော မှာ ဥပမာပြော တာ နော်။ နားကပြောတာ ကြည့်ရအောင် ဆင်လို့ပြောမယ်..မကြား လိုက် ဘူး လား။ အသံလှိုင်းက သည်ထဲဝင်မှာ အကောင်အထည် ပါလာလား။ အဲသည်မှာ ဒါ တွေပေါင်းတာ ပဲ။ဘုရား ဉာဏ်နဲ့ခွဲတာနော်။

အသံလှိုင်းလေး မှာလည်း အကောင်အထည် မပါဘူး။အခံဓါတ်ကလည်း ရုပ်မှုန်လေးတွေ က လည်း မပြတ်ပျက်စီးနေတာ။ သူကလည်း အကောင်အထည် မပါဘူး ။စိတ်စေတသိတ် က လည်း အကောင်အထည် မပါဘူးလေ ၊ ဘုရားမို့သာ အမည်ပေးနိုင်တာ။ ဘုရားကလည်း အမည် ပေးလိုက်တယ်။



ရေပွက်ပမာ။ တံလှပ်ပမာ ၊ ငှက်ပျောတုံးပမာ၊ မျက်လှည့်ပမာ အနှစ် သာရမရှိဘူး လို့ပြောတာ.။ အနှစ်သာရ မရှိတဲ့ သဘောတရား ၅ ခု၊ သုည ၅ လုံးပေါင်းမယ် တစ်ဖြစ် ပါ့မလား..။သိသဘောသက်သက် ကလေးကလည်း အကောင်အထည် ပါပါ့မလား ။မပါဘူး နော်။ ကာလမခြား မနေဘမှာ အာရုံစွဲ ကိုင်သိလိုက်တော့လည်း အရိပ်ကလေး ပေါ် မနေဘူးလား။ တဲ့ ဖွဲ့တဲ့ အ ခါ အကောင်အထည် လုံးဝမဟုတ်ဘူးနော် ထပ်ပြောကြည့်မယ် ။နွားလို့ပြောလိုက်မယ်။ အသံကြားတာ နဲ့ အရိပ်ပေါ် မနေဘူးလား။

အံ့ဩစရာကောင်း တယ်နော် ။ တကယ်ဖြစ်နေတာ။

ပေါ်တဲ့အရိပ်သည် ဒီ၅ ခု ပေါင်းတာပဲ။ ထိုအရိပ်သည် ကျွန်တော် ဟာ နွား ပါလို့ပြောတဲ့ အသံပါလား။ အကောင်အထည် ရှိလား။ တံလှပ် ဆိုတာ အမှန်ပဲ နော်၊ အငွေ့လို ဖြစ်မသွားဘူးလား။မြဲမလား ပျောက်မလား။ အဲဒါကို နောက်စိတ်က အမှန်အတိုင်း အကဲခတ်တာပေါ့ ။အမြင်မှန် ခေါ်တယ်နော်။ တစ်ခါမှ မကြားဘူး ရင် အကောင်အထည် ထင် လိုက်မှာပဲ။ မှတ်မိလို့ သွေးမှာကိန်းသွားရင် အမှန်ကြဲ ဆုံးဖြတ်လို့ ရပြီ ။နောက်ကမပြတ် ကပ်ပါလာတဲ့ ကာလမခြား ကပ်ပါလာတဲ့ အရိပ်ကလည်း အကောင် အထည် မဟုတ်ပါလား လို့အမှန်အတိုင်း ဆုံးဖြတ်နိုင်ရင် လမ်းတည့်ပြီ။

ထပ်ပြီး တစ်ခါပြောအုံးမယ်။ အရောင်အသွေး ပါပါရင်ပိုနားလည်မယ်။ ကျီးကန်း လို့ ပြောလိုက်ရင် ဘာရောင်ပါလာလဲ။ အင်မတန် ဆန်းကြယ်တယ် နော်။ ဖွဲ့တဲ့အခါ ရုပ်က လာပ် အမှုန်လေးတွေက အများကြီး ပဲ သည်မှာ လာပေါင်းတာနော်။ ပေါင်းတဲ့အခါ ဓါတ် လေးပါး အပြင် အရောင် ပါပါ သေးတယ်တဲ့ ။မှီတဲ့ ရုပ်တွေ ပါတာနော် ။အကောင် အထည် လုံးဝ မဟုတ်ဘူးနော်။ ပြီးရင် ပြိုကွဲသွားတာ ။ ပျောက်သွားတာနော်။အဲဒါကို နားလည်ရ မယ်။ ဒါပေမဲ့ အကောင်ထင်ရင် ထပ်ထပ်ဖွဲ့မယ် ။နောက်စိတ်တွေ က ထပ်ထပ်ဖွဲ့လို့ရှိရင် အသက်ဝင်လာလိမ့်မယ် ။ လှုပ်ရှားသွားလိမ့်မယ်တဲ့။အဲဒီ တစ်ချက်ပဲ အရေးကြီးတာနော်။ ဒါ ကိုဘုရားဟော ချင်တာနော်။

ကောင်း ပြီ။နားမှာပေါ်တာ သိရင် နှာခေါင်း သွားရအောင်နော်။

နှာခေါင်းအကြည်ဓါတ် မှာ လည်းအသစ်အသစ် အစားထိုး တဲ့ အကြည်ဓါတ်ကို အနံ့ဓါတ်လာတိုက်ပြီနော် ။ အိပ်ပျော်နေ ရင် သိပါ့မလား။ နိုးတော့ မှ စိတ်စေတသိတ် ပြတ်ပြီးတော့ လာပေါင်းတာ ၊ ပေါင်းလောင်တာ ကို ဖဿ လို့ခေါ်တာ။ပေါင်းလောင် တဲ့ အချိန်မှာပဲ အနံ့ ကိုသိသဘောလေးတစ်ချက် ဖြစ်လိုက်တာ။ ဘုရားက အမိန့်ရှိတယ်။ ချစ်သားတို့တဲ့ မမြင်နိုင်တဲ့ အင်အားတွေ ပေါင်းဆုံ ပြီးလက်ကနဲပေါ် ၊ မမြင်ရာပျောက် သကဲ့သို့၊ ကောင်းကင်မှာ လျှပ်စစ်လက်သလို ပဲတဲ့ ပြီးတော့ပျောက်သွားတာ ။ အကောင်အထည် မပါဘူးနော် ။ ကာလမခြား မနေမှာ ထပ်ပေါ်ရင် လက်ကနဲ ဖြစ်ပြီး ပျောက်သွားတာ။ နောက်စိတ်က ပေါ်တဲ့အရိပ်ကို အကောင်ထင်ပြီး ဆက်တာသာ အန္တရာယ် များတာ။

ပေါ်တဲ့ အရိပ်က အကောင် မဟုတ်ဘူးနော်။

အကောင်ထင် အသက်ဝင်ပြီး ဆက်တွေးရင်ကံမြောက် သွားမယ်။

ဆက်တွေးရင် ကြိုက်မကြိုက် ပေါ်လာမယ်။ဝမ်းသာ၊ဝမ်းနည်း တွေပေါ်လာရင် ကံမြောက်မသွားဘူးလား။


ကံမြောက်ရင် ဓါတ်ရိပ်ဓါတ်ခိုးပြောင်းသွားတယ်။သေချာသွားပြီ နော်။

အရှင်ဘုရား သခ်ါရ အမျိုး ၅၀ ဘာပါလဲ ဘုရားတစ်မျိုး၊ နှစ်မျိုးလောက် ပြောပြ ပါ။ ဘုရား။ (သင်္ဂြိုလ်ကျမ်း ထဲမှာပါတယ် အေးဆေးဖတ်လိုက်) ဝေဒနာ သညာ ဖယ်လိုက် အမျိုး ၅၀ အဘိဓမ္မာကျမ်း ထဲမှာပါပြီးသား။သခ်ါ ရ

ဘုရားရှင် ရဲ့ ဉာဏ်တော်နဲ့။သူ့ကျတော့ စေ့ဆော်မှု သဘော လို့ပြောတာကို ။ သူကခေါင်းဆောင် သူက ဆွဲစုပေးရတာ။ ဒါကြောင့် ဖဿ က သူ့ထဲထည့်ထားရတာ။ ဆွဲစုပေးမှ ပေါင်းလောင် တာ။ ဉပမာပေးရရင် ဒွါရ ၆ ပါး နဲ့ ပြောရအောင်၊ ဝိညာဏ်ကျ တော့ ဘုရား ဉပမာ ပေးတာက ။

ယနေ့ဖြစ် စ ရှင်ဘုရင်ငယ် နဲ့ ဉပမာ ပေးလိုက် တာ ။ မောဟ၊ပညာ မှ ရမှာနော် ။ လျှာ၊ ကိုယ်လည်း ဒီတိုင်းမှတ်တော့နော်။ ချဲ့တွေးလိုက်တော့နော်။ မောဟ၊ပညာ သွားလိုက် ရအောင် ။ဘယ်ဒွါရတိုက်တိုက်ခန္ဓာ ပေါ်ပြီး မနေမပေါ်ဘူးလား။ ပေါ်တာကို နောက်

စိတ်ကလက်ခံ စုံစမ်းတယ် ဆုံးဖြတ် တဲ့ အလေ့အထ ရှိတယ်နော်။ စာမှာက သံပဋိစ္ဆိုင်း ၊ သန္တီရန ။ ဝုဋ္ဌော ဆိုတာရှိတယ်။ လက်ခံတယ် စုံစမ်းတယ်။ ဆုံးဖြတ် တယ်။ ဆုံးဖြတ်ချက် ချတဲ့အခါ။ ရှင်ဘုရင် နဲ့ အမတ်တွေ စုပေါင်း ဆုံးဖြတ် သလိုပဲတဲ့ ။ရှင်ဘုရင် လာသကဲ့သို့ဥပမာ ပေးထားတယ်။  ရှင်ဘုရင် က သူပိုင်တဲ့ ရွာကြီး ၅ ရွာ ရှိတယ်ဆိုပါစို့တဲ့။မျက်လုံး တည်း ဟူသော ရွာကို အဆင်းခါးပြ တိုက်တယ် ဆိုပါစို့ ။




နားကို အသံခါးပြတိုက်တယ်။ နှာခေါင်း ကို အနံ့ ခါးပြတိုက်တယ်။  လျှာကိုအရသာ ခါးပြ တိုက်တယ်။ကိုယ်ကို အတွေ့အထိ နော်။..

တိုက်တဲ့ အချိန်အခါမှာ သင်္ခါရ က အမတ်ချုပ် ကြီး နဲ့တူတယ်တဲ့။ဝိညာဏ် က ယနေ့ ဖြစ်စ ရှင်ဘုရင်ငယ်လေး နဲ့တူတယ်တဲ့။ ဘုရင်နတ်ရွာစံတော့သူ့ ကို ကလေးလေး ၁၆ နှစ် အရွယ်လေးကို နန်းတင် လိုက်တာကိုး။ အာဏာရှိတယ်။လက်မှတ်ထိုးခွင့်ရှိတယ်။အစစ အရာရာ ထိန်းကျောင်းပေးရတာ သင်္ခါရ အမတ်ချုပ်ကြီး တဲ့။ သူက ၅၀ တောင်ရှိတာကိုး။ ကျန်တာတွေက အရံအမတ် လို့မှတ်လိုက်။ အမတ်ချုပ်ကြီး က ဘုရင်ကို အကြံဉာဏ်ပေး ရတာ။ မင်းကြီးခါးပြတွေ၊သူပုန်တွေ တိုက်နေပြီ ။ မင်းကြီး ကိုယ်တိုင် စစ်ရေးပြ ရပါလိမ့်မယ်လို့ နှိုးဆော်သကဲ့ သို့စေ့ဆော်တာ။ သင်္ခါရက စေ့ဆော်မှုလို စေတနာ စေ့ဆော်မှု လို့ သုံးတယ်။

အဲသည်တော့ မှ နန်းတော်က ခွာရတာ၊ ခွာတဲ့အခါမှာ ဘုရားကတော့ အသေးစိတ်တယ်။ တစ်ရက်လွန်သွား တာ အတီတဘဝင်လို့ ခေါ်တယ်။ နန်းတော်မှာ ကိစ္စအဝဝပြုလုပ်နေတာ ဘဝင်္ဂစလန လှုပ်လာတာပေါ့။ဘဝင်က ပြတ်ပြီးသွားတာ ဘဝင်ဂုပစ္ဆေဒစုံစမ်း တာ အာဝဇ္ဇန ၊ ပြီးကျတော့ မှ ဝိညာဏ် ဖြစ်လိုက်တာ။တိုက်ပွဲဖြစ်တယ် ပေါ့ ပြီးခန္ဓာ ဖြစ်ပြီ။ပြီးတော့မှ အဲသည်အမှုတွဲကို၊ လမ်းမှာလည်းလက်ခံ၊ စုံစမ်း ၊ ဆုံးဖြတ်သေးတာ။ကဲသည်ဆုံးဖြတ်ချက်ကို အဟောသိကံ ခေါ်တယ်တဲ့ မဟာစည်ဆရာတော်ဘုရားကြီး ကျေးဇူးပါပဲနော်။

နန်းတော်ကျတော့လည်း သည် ကိစ္စအဝဝ ကိုလည်း ညီလာခံ ပြန်ခေါ်တာပဲ။ ပြန်ခေါ်ပြီး တော့ ညီလာခံမှာလည်း သည်အာရုံကိုပဲ ပုံဖော်ပြီး ဆုံးဖြတ်တော့တာ။ပုံရိပ်ပေါ်တာပဲ။မြင်ဘူးတာ ပုံဖော်တာပဲ။ကြားဘူးတာ။မြင်ဘူးတာ၊ကြားဘူးတာ၊စားဘူးတာ၊ နံဘူးတာ ပုံဖော်ပြီး ညီလာခံ မှာဆုံးဖြတ် တာ။ ဆုံးဖြတ်ချက်ချ တော့လည်း သင်္ခါရ အမတ်ချုပ်ကြီးပေးတဲ့ အကြံအတိုင်း ဆုံးဖြတ်ရတာ၊ သည်အမတ်ချုပ်ကြီးမှာက ၅၀ ကို ဘုရားရှင်က ပိုင်းလိုက်တော့ကုသိုလ် နဲ့ အကုသိုလ်အုပ်စု ပဲ ရှိတာရှိတယ်။ သင်္ဂြိုလ်မှာ ပါတယ်။

**ကုသိုလ်စေတသိတ် နဲ့ ကုသိုလ်စေတသိတ်** ပဲရှိတယ်။ခေါင်းဆောင် က

**မောဟ က အကုသိုလ် ခေါင်း ဆောင်။**

**ကုသိုလ်ခေါင်းဆောင်က အမောဟ ၊ပညာ။**

သင်္ဂြိုလ်ကျမ်း မှာ သေချာဖတ်ရင် ၂ အုပ်စု ပဲခွဲထားတာ။အကုသိုလ်စေတသိတ်က မောဟော အဝိရိကအနုတ္တပ္ပ ဥဒ္ဒစ္စ ။ မောဟ က ခေါင်းဆောင်ပဲလေ။မောဟ ကို စက်ဝိုင်းဒေသနာ မှာ အဝိဇ္ဇာ လို့သုံးတယ်။

**မူလနှစ်ဖြာထဲမှာ၊ အဝိဇ္ဇာ ပါမနေဘူးလား။**

**သတ္တဝါ အားလုံး တွေ ဆင်းရဲခြင်း အကြောင်းရင်းသူပဲ။ စကားလုံးတဲ့ တရားသားမဟုတ်ဘူး။**

တကယ် ရှိတာ မောဟ ဟာ စိတ်မှာယှဉ်တဲ့ အမှောင်ဓာတ်ကို ပြောတာ။ တော်တော်များများ က အဝိဇ္ဇာ၊မောဟ ဆိုရင် တရားသား ထင်ကြတာ။ စကားလုံး တရားသား မဟုတ်ဘူး။တကယ်ရှိတာ က စိတ်မှာယှဉ်တဲ့ အမှောင်ဓာတ်။အမှောင်ဓာတ်နဲ့ကြည့်ရင်၊မျက်စိကမှုန်နေ မှောင်နေ ရင်ရင် အမှန်အတိုင်းသိပါ့မလား။အမှောင်ဓါတ် နဲ့ သည်အာရုံ ကို ဆုံးဖြတ်တဲ့အခါ အမှားဆုံးဖြတ် တာ။ ပေါ်တဲ့အာရုံအရိပ် ကို အမှောင်ဖုံးထား တဲ့စိတ်က အမှားဆုံး ဖြတ်တဲ့ အခါ အကောင်ထင် တော့တာ။အကောင်ထင် ရင် အမှားဆုံးဖြတ်တာ။ အကောင်ထင်တော့တာ။စမှားတာ ဘုရားပေး တဲ့အလင်းဓါတ်က သွေးထဲမှာ ကိန်းမှုရမှာလေ။အကြိမ်ကြိမ်ဘုရားဟောတာ နာခံမှတ်သားထား ရင် တဲ့ စိတ်မှာ အလင်းဓါတ် လာလိမ့်မယ်။

ဘာကြောင့်ပေါ်လဲဆိုရင် စိတ်နဲ့ရုပ် အညမည လေ။ရုပ်ထဲမှာ သတ္တိကိန်းထားလို့ စိတ်မှာ အမှောင်ဓာတ် ပေါ်ရတယ်။ပညာသတ္တိကိန်းရင် အလင်းဓါတ် ပေါ်ရတယ်။ ကျေးညီနောင် ဇာတ်သင်ခဲ့တယ် မဟုတ်လား။အကြိမ်ကြိမ်နာခံ မှတ်သားထား တာ က ပညာ အားပေး တဲ့ သတ္တိ ဖြစ်နေခဲ့ရင်မှီဖြစ် တဲ့ စိတ်ကအသစ် ပေါ်တဲ့စိတ် က ပညာအားကောင်း လာတယ် အမှန်ဆုံးဖြတ်တယ်။ အမှောင်ဓါတ်များ ရင်အမှား ဆုံးဖြတ် တယ်။

**သည်နေရာမှာပဲ အရှုဉာဏ် ဆိုတာပေါ်ပြီ၊ ဉာဏ်ကို ငါမလုပ်ရဘူးနော်။**

**နောက်စိတ်၌ အလင်းဓါတ် က ပညာအလင်း ဓာတ်ကအမှန် ဆုံးဖြတ်တာဖြစ်ပါတယ်။ ဉာဏ်လို့လည်းခေါ် တယ်။ အလင်းဓါတ်ကို ဉာဏ်ခေါ်တယ်။**

**အမောဟလည်း ဘုရားကသုံးတယ် ။**

**ဝိဇ္ဇာ လို့လည်းသုံးတယ်။**

ဝေါဟာရ တွေ နော်။

**ဝိဇ္ဇာ ပြော လည်းမျက် စိမလည်နဲ့။ ပညာ ပြောလည်း မျက်စိမလည်နဲ့။**

အမှန်မြင်မှ အမှန်ဆုံးဖြတ်ရင် မဂ္ဂင်ရပါးအကျင့် လို့ခေါ်တယ်။အမှန်မြင်မှ အမှန်ဆုံးဖြတ်ရင် မဂ္ဂင်ရပါးအကျင့် ထဲပါသွားပြီ။ ဝိပဿနာ ဆိုတာ မဂ္ဂင်ရပါး အကျင့်လေ။ ပေါ်တဲ့အာရုံ တွေကို အဖြေမှန် ဆုံးဖြတ် ပေး တာကိုပြောတာ။

တစ်ဘက် က ဆဲသံကြားမယ် ဆိုပါစို့။ဆဲသံကြားရင်သည်အသံက သည်မှာ ပျောက်သွားပြီ။ ကာလမခြား မနောမှာ ထပ်ဖွဲ့တဲ့ အခါ ပုံမပေါ်ဘူးလား။ပေါ်တာကို နောက် စိတ်က အမှောင်ဖုံး လို့ဆုံးဖြတ်ရင်၊ အကောင်ထင်ရင်ငါ့ ကိုဆဲတာ ဖြစ်သွားပြီ။မခံနိုင် တော့ဘူး။ အမှန်တကယ်ကတော့တံလှပ် အငွေ့လိုပဲ အမှန်အတိုင်းအလင်ဓါတ် နဲ့ကြည့် လိုက် ရင်ပြို ကွဲသွားတယ်။သူငါ ပေါ်မလာတော့ဘူး။ ဒါဆိုရင် စိတ်ဆိုးစရာရှိသေးလား။မရှိတော့ဘူး အဲ သည် အတိုင်း ကိုယ်မှာလောင်တယ်။ကိုယ်မှာဘယ် နေရာထိထိ၊ ထိလို့ ရှိရင်လည်းသည် မှာ ပြီးသွားပြီနော်။ ကိုယ်မှာပြီးမှ မနောပေါ် တာ။ မြန်လွန်းတယ်။ပေါ်တာကိုနောက် စိတ်ကအမှောင်ဖုံး ရင် လက်ကနာတာ ခေါင်းကနာတာ့ဖြစ်ရင် မခံနိုင်တော့ဘူး ။ နောက်ကပေါ်တဲ့ အရိပ်ကို ဉာဏ် နဲ့ကြည့်တဲ့အခါ သူငါပေါ်မလာတော့ဘူး။တံလှပ်လို ပြိုကွဲသွားတော့၊ငါ့ခေါင်း၊ငါ့လက် မဟုတ်တော့ဘူး။

ကျေနပ်စရာ မကျေနပ်စရာရှိသေးလား။ မရှိတော့ဘူး။အဲဒါကို ဝေဒနာ ကျော်တယ် ခေါ်တယ်။နားလည်ပြီလား ။သည်တစ်ချက် လေးပဲ အ ရေးကြီးတာ။အဲသည် နေရာကို ပဲ **တဏှာအစပ်** လို့ သုံးသေးတာ။အမှန်အတိုင်း မဆုံးဖြတ်နိုင်လို့ရှိရင်၊ အကောင်ထင်ရင်ငါ ထင်ရင်မာနပါ မသွားဘူးလား။အကောင် ထင်တာက အမြင်မှား။ပါဠိလို မိစ္ဆာ ပဿတိ ဒိဋ္ဌိ လို့ခေါ်ပြန်တယ်။ငါပေါ်ရင် ငါ့ကိုယ်ထဲကငါ့အပြင် က ဆက်မသွားဘူးလား။အာရုံကို ချုပ်စပ်တာ ဆက်တာဖြစ်ပြီ။တဏှာ လာပြီ။ အမှောင်ဖုံးမှ ဆက်တာ။ဘုရားပေး တဲ့ အလင်း ဓါတ် နဲ့ကြည့်ရင်အကောင်အထည် ရှိအုံးမလား။ မရှိရင် ရှေ့ဆက် စရာ ရှိပါ့မလား။အဲဒါဆို **တဏှာအစပ် ပြတ်တယ် ခေါ်တယ်**။လိုက်နိုင်လားရမယ်နော်။

တရားက တိုတိုလေး မရှုပ်ဘူးနော် ဘုရားရှင် သင်ကြားတဲ့ အဘိဓမ္မာကျမ်း တွေ ပဋ္ဌာန်းကျမ်းတွေ က သည်မှာတင်သွား စုတာ။ ဘုန်းဘုန်းလည်းသည် ပုံစံလေး ဖြစ်ဘို့ အရေး နှစ်အကြာကြီး ဉာဏ် ကစားရပါတယ်။ ဆရာသမား တွေ ထံချဉ်းကပ်ပြီး နည်းခံ ပြီးသည် ပုံမရရ အောင် ထုတ်ထားရတာ။ သည်ပုံမျိုး ကကျမ်းတွေ မှာတော့ မရှိသေးဘူး ပေ့ါ။ ကျမ်းနဲ့အညီ ကြိုးစားထုတ်ထားရတာ ။

မိုးကုတ်ဆရာတော်ကြီး က လည်းဆုံးမတယ်။ ရှေ့က ဖြစ်ပျက် နောက်က မင်လို့ဆုံး မတယ်။ကာလမခြား မနေသထိပေါ်တာကို နောက်စိတ် က အမှန်အတိုင်း ဆုံးဖြတ် တဲ့ အခါ၊သူ့သဘောတရား က ပေါ်ရင်ပျောက်ဘို့လာတာကိုး။ အကောင်အထည်လို့ မယူရင်ပြီး သွားတာ။သို့သော် နောက်စိတ် က အမှောင်ဖုံး ရင်အကောင်အထည်လို့ ပဲမြင်နေတယ်ထင် တယ်။မြင်တော့ ကာ ငါ့လက်က၊ ငါ့ကိုယ်ထဲက၊ငါ့မျက်နှာထဲက၊ငါ့ခေါင်းထဲက လို့ထင်ထား ရင်၊နိုင်ပါ့မလား၊မနိုင်တော့ဘူး။ဆက်တော့တာပဲ။

တောင့်တ၊ ကြောင့်ကျ တွေလာတော့ တာ ပဲ။နောက်မှကပ်ပေါ်တဲ့ ကာလမခြား ပေါ်တဲ့ အရိပ် အမူအရာ ကို ညာဏ် နဲ့ ဖြိုခွဲ တဲ့အခါ ကျတော့မှ ၊ခင်ဗျားခေါင်းလို့မပြော ဘူး။ ငါလို့မပြော တဲ့အပြင် တံလှပ်အငွေ့ လိုဖြစ်သွား တာ။ သို့သော် အဲသည်နေရာ နဲနဲ ခက်တယ်။ နားလည်ပြီလား။အဲဒါ အကြိမ်ကြိမ် လေ့ကျင့် ယူမှရတာ ။သွေးထဲမှာ သတ္တိရှိ သေးတာကိုး။ဟိုတုံးကဘုန်းဘုန်းတို့ နှလုံးသွင်းထား တာက ငါ့ခေါင်းက လေးထဲက သင် ထားတာ ဒါခေါင်းခေါ်တယ်မျက်လုံး ခေါ်တယ် သင်မနေဘူး လား။

မီးမီး ဘယ်မှာလဲ၊ မီးမီး သည်မှာပေါ့။ သားသားသည်မှာပေါ့။

အဲလိုသင်ခဲ့တာ မဟုတ်လား။ မှတ်သားတာ အမှားချည်း မှတ်ခဲ့တာ အကြိမ်များ ခဲ့တော့သွေးထဲ မှာ ခိုင်နေ ပြီ လေ။ကိန်းနေတော့ ဘာနာနာ ဗိုက်ထဲက နာတယ်၊ခေါင်းထဲက နာတယ် ပြောနေကျ မဟုတ်လား။အဲဒါအစွဲနာ နေတာ၊ရာနှုန်းပြည့် ဖြစ်နေတာ။အခုမှ ဘုရားဟော တော့မဟုတ် မှန်းသိတော့ ရာနှုန်းက တစ် က ပြန်စရမှာ။

သဘော ပေါက်လား။

အဲဒီတော့အကြိမ်ကြိမ် ပွားရ မှာ။ကြိုးစားပြီး တော့ရှုဆဲ ထုတ်ဆဲ ဒွဲကိုယ် မှာလောင် ရင် လှုပ်တာနဲ့ ရင်ဘတ် မျက်နှာပေါ် မလာဘူးလား။ပေါ်တဲ့ အမူအရာ အရိပ် ကို အကောင် မဟုတ်ကြောင်း ဆုံးဖြတ် ပေးရုံရပဲ ၊မနေသတံခါး ပေါ်တာကိုဆုံးဖြတ်ရတာ။ မျက်စိမလည် နဲ့နော် ၊နားလည်ပြီလား ဒီနေရာ အရေးကြီး တယ်နော်။ဝိပဿနာ နဲ့ပတ်သက် ရင်

တစ်ဘက်သားသူ များ ပြန်သင် ပေးရင်လည်းမရှုပ်စေနဲ့နော် ရှင်းရှင်း လေး သင် ပေးကြ။ အင်မတန်ရှုပ်တတ်တယ်။

ပေါဋ္ဌိလမထေရ်ကြီး ဘဝများစွာ ထဲကဟိုဘဝထဲကပိဋကတ်ဆောင်တဲ့ ပုဂ္ဂိုလ်ကြီး ။ ဘုရားလက်ထက်မှာလည်း ပိဋကတ်ကျမ်းတွေ တော်တော်များများ ဆောင်ထားနိုင်ပြီ။တပည့်တွေ သင်နိုင်တယ်နော်။ တနေ့ဘုရား ထံလာတော့။

ဘုရားက **တုစ္ဆ ပေါဋ္ဌိလ** ခဏ ခဏ ခေါ် တော့ ။

အမိပွါယ်က မင်္ဂ၊ဖိုလ် မှ အချည်းနှီး ဖြစ်နေသော ယောကျာ်းကြီးလို့ ဘုရားက ပြောတာ။

တပည့်တွေက သိတယ်နော် တရားကျင့်စေ ပြီချင်လို့ သတိပေးတာ ဖြစ်နေတယ်။အဲသည်မှာကျောင်းပြန် တဲ့ အခါမှာ နောက်ဆုံး သံဃာ နဲ့ စာချပြီးတော့ တောထွက်သွားတာ..ယူဇနာ ဖ၀ဆို တော့အဝေးကြီးပဲပေါ့နော်။တောထဲသွားပြီး မထေရ်ကြီးတွေ ထံချဥ်းကပ်တာ၊ရဟန္တာကြီး တွေ ဆီချဥ်းကပ်တာ။ မထေရ်ကြီး တွေ ဆီမှာ တရားတောင်းတော့။

သူ့မှာ မာန အရိပ်အယောင်က ရှိနေသေးတော့မရနိုင်မှန်း သိတော့ ဝါ အငယ်ဆုံး သံဃာဆီ လက် ညှိုးထိုးကြတာ။အဆင့်ဆင့်သွားပါအုံး နောက်ဆုံး ဝါ အငယ်ဆုံး ကိုရင်လေး ဆီရောက်သွား တာ ။ ကိုရင်လေးဆီရောက်တော့ မာန်ချပြီး တပည့်တော်တို့က အရှင်ဘုရားတို့ ဆီက ယူရ မှာပါ ဘုရားလို့ပြောတော့။ မဟုတ်ပါဘူး၊ တကယ် သိချင်လို့ပါပြောတော့မှ..။မော့ကြည့်ပြီး အရှင်ဘုရား က တပည့်တော် စကားနားထောင် မှာလားလို့။ ကိုရင်လေးက ပြောတယ် တဲ့။နား ထောင်ပါ့မယ် ပြောတော့မှ ကို ရင်လေး ကပြောတယ်။

သက်န်းက အင်မတန် ကောင်းတာ ပဲ ဆင်း ဟိုရေကန် ထဲ ဆင်းလိုက်ပါလားတဲ့ ။

တစ်ခွန်းထဲ သော စကားနဲ့ ထသွားတယ်။ ဆင်းခါနီးကျမှ ပြန်လာပါဘုရား ။ ပြန်လာတော့မှ တော်တော်မာန်ကျပြီပဲ သိတော့ မှ ကိုရင်လေး က တရားပေးတာနော်။ အရှင်ဘုရား လည်း ပဲ စာတတ်သား ပဲတဲ့။ဘုရားဟော စာ တွေသိသား ပဲ တဲ့တောင်ပို့

တစ်ခုဘုရား တဲ့ ရှိတယ်ဆိုပါစို့။သည် ကိုယ်လုံးကြီး ကို တောင် ပို့ နဲ့ ဥပမာ ပေးလိုက်တာ။ တံခါးပေါက် က ၆ ပေါက် က ရှိတယ် ဆိုရင် ဒွါရ ဘယ်နှစ် ပါးလဲ ၆ပါး။ ဖွတ်တစ် ကောင် ဝင်သွားလို့ရှိရင်ဘုရားတဲ့ ၊ ဘယ်လို ဖမ်းမလဲတဲ့ ။

ကလေးဆိုတော့နော် ရှင်းရှင်းလေး ပဲ ယူထားတာ၊ ဘုရားဟော ကို ရှင်းရှင်းလေး ယူထားတာ။ နား လည် ထား တာ ကိုး။ ၅ ပေါက်ကို ပိတ်ပါဘုရားတဲ့..။ကျန်တဲ့ နံပါတ် ၆ တံခါးအပေါက် ကစောင့်ဖမ်းပါ၊ မိပါလိမ့်မယ်တဲ့။ အမိန့်ရှိလိုက်တော့ စာသမား နားလည် တာပေါ့ နော်။ဝီထိစဉ် တွေ ကောင်းကောင်း နားလည်ထားတာပေါ့။ပဥ္စဒွါရ၊ ဝီထိ ဖြစ် ပြီး ရင် ကာလ မခြား၊ နောက်လိုက် မနောဝီထိ ပေါ်တာပဲ။ ကာလမခြား ဆိုတာ အင်မတန် မြန် တာပြောတာနော် ။ဘယ်တော့ မှ ဘုန်းဘုန်းတို့ရှေ့ကဟာကို မမိဘူးစိတ်ချ။ စာအရ သာမြင်စိတ်၊ကြား စိတ် ၊နံစိတ်၊ သာပြောတာ တစ်ကယ်တော့ အဲဒါ မမိဘူးစိတ်ချ၊မနောမှာ သွားမိတာပဲ။ ကာလမခြား ဆိုတဲ့ စကားနား ပဲ ပြောရအောင်နော်။

ဘုရားရှင်က ကာလမခြားစကား ကို ဥပမာ ၂ ခုပေးခဲ့တယ်။နားလည်အောင် နော်။ နွေခေါင်ခေါင်မှာ သစ်ပင်တစ်ပင် အရွက်ကျနေမယ်။ နေထိုးတော့မြေ မှာ အရိပ်ထင် မနေဘူးလား။အရိပ်ထင်မယ်နော်။အဲသည်အချိန်မှာ ငှက်တစ်ကောင်က လာနား လိုက်တယ်၊ သစ်ကိုင်းလှုပ်မသွားဘူးလား။ မြေကြီးမှာ အရိပ်ထင်နေပြီ ။တွေးတွေး သေချာတွေး၊နား တာ က အရင်အရိပ်ထင်တာကနောက်။သို့သော် ကာလမခြားထင်ရတယ်။တပြိုင်ထဲထင်ရတယ်။ အဲလောက်မြန်တယ်နော်။

တစ်ခါစည်တီး တဲ့ ပမာလို အဲလိုပဲ..ဗုံရှည်ကြီးတွေပါပဲ ။သားရေ မျက် နှာပြင် ၂ဘက်။ တစ်ဘက် သော မျက်နှာပြင် မှာ အချိုသကာသုတ်။ တအောင့်ကြာ၊ယင် ကောင် နားလိမ့်မယ်။ ယင်ကောင်နား တဲ့ အခါတဲ့ တဘက်က နေ တီးလိုက်ပါ။ အသံမည် တာ နဲ့ ယင်ကောင်ပြန် တာ တပြိုင်တည်း ထင်ရတယ်။အဲလိုပဲ အနန္တရပစ္စယော ကိုပြတာ..။ နား လည်ပြီလား ဒီဒွါရမှာ တိုက်တဲ့အခါ၊ပြီးတာ နဲ့ပျောက်သွားတာနဲ့ ကာလမခြား မနောမှာထင်ရတယ်..ရှုတဲ့ဉာဏ် က သည်၅ခု မှာ ပေါ်တာတွေ့ပါ့မလား ။နောက်ကအရိပ် ကို

တွေ့တာလေ။နံပါတ် ၆ တံခါးကထွက်တာပဲ မိမှာပဲလေ ၊ဆရာတော်ဘုရားကြီး ကမှန်ထောင်တရား နဲ့ ဆိုပိုကိုက်တယ်။ မှန်ထောင်တရား ဆိုတာရှိတယ်နော်။မှန်ထောင်မလွဲ စေနဲ့ ဆိုတာ ဒါကိုပြောတာလေ။

နောက်စိတ်က အဓိကအားဖြင့်အမြဲတမ်းပေါ် နေတာက အိမ် သည်စိတ်။ကိုယ်မှာ အမြဲတမ်းပေါ်နေတာလေ။ကျန်တဲ့မျက်စိ ၊နား ၊နှာ ခေါင်း ၊လျှာ ကဧည့်သည် ခေါ်တယ်။ အမြဲတမ်း မရှိဘူး။စဉ်းစား၊စဉ်းစား မျက်စိ ကလည်း မြင်တုံး ခဏ။ နား ကလည်း ကြားတုံး ခဏ။ နှာခေါင်း ကလည်း နံတုံး ခဏ။လျှာက လည်းစားတုံး ခဏ၊ အမြဲ ရှိတာက ကိုယ်မှာ၊ အကျယ်ကြီး မဟုတ်လား။

ခါတ်ပြုတာ အများကြီး ဆိုတော့ ကျယ်လွန်း အားကြီးတယ် နော်၊ကိုယ်မှာကျတော့ အေးရင်အေးမယ် ပူရင်ပူမယ်၊လှုပ်တာ ရှိရင်ရှိမယ်၊ နား လည်မလား၊ တင်းတာ လျော့တာ ရှိရင်ရှိမယ်။ပေါ်လို့ရှိရင် သည်ဟာတွေက ပျောက်သွား ပြီး မှ မနေ့ပေါ် တာ။ သို့သော်မြန်လွန်းတော့ တစ်ဆက်တည်းထင်နေရတာ။ နှစ်ပေါင်းကြာထဲက သည်လို ရှုတိုင်း ထုတ်တိုင်းကိုယ်မှာဖြစ်တိုင်း ကို မနေ့မှာက ရင်ဘတ် ၊မျက်နှာအရိပ်တွေ ကကပ်ပါ ပြီး သားဖြစ်နေတယ်။ကပ်ပါတာကို၊ အဲဒါ ကို ငါထင်ခဲ့တာ ကြာပြီ။ အကောင် အထည်ထင် ခဲ့ တာ ကြာ ပြီ၊ ငါ့ကိုယ်ထဲက ထင်ပြီး တရားရှု နေကြ တာမှားနေတယ်လို့မှတ်ကြ။

တရားထိုင်မယ်ဆိုရင် ငါ့ကိုယ်ထဲပဲ ရှုမယ်လုပ် ကြပြန်တယ်။ နောက်က အရိပ်ကို ငါထင်ထားတာကိုး ၊အဲ ဒီမှာအမှားကြီး ဖြစ်နေတာ၊သဘောပေါက် ကြလား၊အဲဒီနေရာ အရေးအကြီး ဆုံးအချက်ပဲနော်။မနေ့တံခါးမှာပေါ် တဲ့အရိပ်ကို အကောင်ထင်တာ ကိုး။ သဘောပေါက်ကြပြီလား။အကောင်ထင်ရင် ငါဖြစ်သွားပြီ၊ငါ ကိုယ် ထဲ က လို့ပြန် ပေါင်းမထား ဘူး လား၊ အဲဒါဆိုရင် ဒိဋ္ဌိ ၊တဏှာ၊ မာန ၃ခုပါ သွားပြီ၊ မရတော့ဘူး။ ကြိုက် သလောက်ထိုင်အဲဒီပုဂ္ဂိုလ် နိဗ္ဗာန် မတွေ့တော့ဘူး၊သေသာသွားမယ်နိဗ္ဗာန် တော့ မတွေ့ဘူးနော်။

အဲသမာဓိ ကောင်းလို့ ကုသိုလ်တော့ဖြစ်မယ်။ဗြဟ္မာ ထိဖြစ်နိုင်တယ်။သို့သော်နိဗ္ဗာန် တော့ မရနိုင်ဘူး။ စထဲက အမြင်လွဲ၊ကျင့်တာ လွဲသွားတာ ကိုး၊ရမလား၊ဘုန်းဘုန်း တို့အရေး

ကြီးလို့ သင်တာနော်။ဆရာတော်ဘုရားကြီးကလည်း ဒါကိုသတိထား သင်ခိုင်းတယ်။ခင်ဗျား တို့ကို တရားရှုပါ ပြောတာသည် **အမေအဖေ မွေး တဲ့ ခန္ဓာရှု ခိုင်းတာမဟုတ်ဘူး။တနည်း အားဖြင့် ခွေးဟောင်တဲ့ ခန္ဓာရှု ခိုင်းတာမဟုတ်။ခွေးမဟောင်တဲ့ခန္ဓာ ရှုခိုင်းတာပါ လို့ နော် အတန်တန်မှာတယ်။**

သေချာမှတ်နော်။

ဦးသံဒိုင်တို့ ဦးထွန်းတင် တို့မေးတော့လည်း အခုပေါ် တဲ့ ခန္ဓာရှုခိုင်းတာ၊ ဘယ်လို ပါ လည်းဘုရား ၊ အာရုံဒွါရ မွေးတဲ့ ခန္ဓာကို ပြောတာ။အဲ လောက်ထိ ဆရာတော်ကြီးက အသေး စိတ်ပြောတာ၊ အာရုံ ၊ ဒွါရ တိုက်ချိန် မှာသည် မှာပေါ် ပြီးရင် မနေခဲ့မပေါ်ဘူးလား။ပေါ်တာ ကိုနောက်စိတ်က မဂ္ဂင် ၅ပါး နဲ့ လိုက်ဆိုတာ **သည်အလင်း** ကိုပြောတာ အမြင်မှန် နဲ့ရှုမှတ်ရတာ၊ ရှုမှတ်တဲ့အခါ အကောင်အထည် မဟုတ် ကြောင်း။ ငါမဟုတ်ကြောင်း အနှစ်မရှိကြောင်း ဆုံးဖြတ်ရတာ။နားလည်ပြီလား၊ဆရာတော် ဘုရားကြီးက အဲသည်ထိ မပြောဘူး၊ အနတ္တ တော့ ပြောဘူးတယ်နော်။ဖြစ်ပျက် လို့ပဲသုံး လိုက်တယ်။ သူတွေ့နေတာ မြန်တာကိုး မြန်တာကိုး။ဉာဏ် က အင်မတန်ရင့်တော့ ဖြစ်ပျက်မြင်တာ။

မင်းကွန်းဆရာတော်ကြီး က အဲလို မ ဟုတ်တော့ဘူးနော်။ဘုရားဟော အလုပ်ပေး အတိုင်း သွား လိုက် တယ်။ရှုတဲ့အခါ

**(နေတံမမ ၊နေသောဟမသ္မိ၊ နမေသောအတ္တာ)**

လို့ ရှုရမယ်လို့ဆုံးမတယ်။ဘုရားဟောတိုင်း သွားလိုက်တာ။ပညာကျ တော့ ကွာသွား ပြီနော်။ စာပေ ရဲ့ အင်အားကျတော့ ကွာသွားပြီ။

မင်းကွန်းဆရာတော်ဘုရားကြီး ကျတော့ အားလုံး သိတဲ့အတိုင်း အင်မတန် တော် တာကိုး၊ ဒါကလည်း ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူး ကို တပ်ကုန်း အရှေ့ဘက် ပိန်း တောရွာမှာ တရားသွားဟော လို့ သိရတာ။ အဲဒီ ဆရာတော် ကတပည့်တော် တို့ ယောဆရာ တော်ဘုရားကြီး ပူဇော်တဲ့ပွဲ မှာ တပည့်တော်က လျှောက်မိတာတဲ့။ မင်းကွန်းဆရာတော်ကြီး မရှိတော့တဲ့နောက် အရှင်ဘုရားများ ကို အားကိုးရမှာပါဘုရား ပြောမိတော့ (အမလေးဗျာ)

(မယုဉ်ပါနဲ့ဗျာ) လို့ပြောတယ်တဲ့ ဘုရား ။ယောဆရာတော်ကြီး က ပြောတယ်တဲ့။အရှင်ဘုရားရယ် တူတူမဟုတ်လား လျှောက် တော့။ (မတူပါဘူးဗျာ တဲ့ ကျုပ်တို့ က ပါဠိ ကိုရွတ်ရုံရွတ်သွားနိုင်တာ ။ဆရာတော်ဘုရားကြီး ကရွတ် နေရင်းနဲ့ဒီပါဠိ တစ်လုံး က ဘယ်ကလာတာ အဋ္ဌကထာ ၊ပါဠိ အာဘော် ဆရာတော်ကြီးက ရွတ်ရင်း နဲ့ ပါဠိ ရဲ့အပြစ် ဒေါသတွေ ခွဲခြားပြနိုင်ခဲ့တာ။ တခြားစီပါဗျာတဲ့ မယုဉ်ပါနဲ့ဗျာ)တဲ့။ အဲလောက်သိတဲ့ ဆရာတော်ကြီး က မမှားနိုင်ဘူး၊အဲလောက်သိ တဲ့ ဆရာတော်ကြီး က အလုပ်ပေးတဲ့အခါမမှား နိုင်ဘူး အလုပ်ပေး တဲ့ အခါမမှားနိုင်ဘူး။

**(နေတံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သောအတ္တာ)** လို့ ပဲ၊ အမိန့်ရှိ သွားတယ်။ အဲ သည်အတိုင်း အသားကျအောင် အကြိမ်များစွာပေါ်တိုင်း ပေါ်တိုင်း ပွားပါတဲ့ သတ္တိကိန်း တာ လိုချင်တာ။ပွားရင်အသားကျလာ ပါလိမ့်မယ်ပြောတာ။သတ္တိကိန်းတာ ကို လိုချင်တာ။ကြိမ် ဖန်များစွာ ပွားတာများ ရင်၊ ပွားပါများရင် တဖြေးဖြေး နဲ့ အကောင်အထည် အမြင်မှားမလာ တော့ဘူး ။မလာရင် တဏှာ အစပ်ပြတ်တာပဲ ။ဒါကိုပဲ ဆရာတော်ဘုရားကြီး က ဖောက် ချ သင်ပေးခဲ့တာ။ လက်ာတောင် စီပေးခဲ့သေးတယ်။ရဘူးတဲ့ပုဂ္ဂိုလ် ရလိမ့်မယ်နော်။

**ရုပ်ဟုတမည် ခန္ဓာ မည်သား၊စတာ မဟုတ်လား။**

**ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ခန္ဓာ သည်ကား၊**

**ခဏဖြစ်လျက် ၊ ခဏပျက်သည် ..။**

**နောက်ဆုံးပိတ်... ငါ ၊ ငါ့ဥစ္စာ ငါ့လိပ်ပြာဟု**

**ဘာတစ်ခုမှ ၊ ရှာမရသည် ၊**

**ဓမ္မအစုသက်သက် ပါတကား ။**

သည်တိုင်းမြင်ရမှာ။အကြိမ်များစွာ ပွားပါ ၊ကြိမ်ဖန် များစွာပွားပါတဲ့ ဆုံးမခဲ့တာ။ ဘုရားဟော တဲ့ အလုပ်ပေးတရားကြီးပဲ။ ဘုရားပေး တဲ့ မဂ္ဂင်ရပါး အကျင့်ပဲ၊ရပြီနော်။ ဒါဖြင့် ရင် ဘုန်းဘုန်း တို့နဲ့ ပြန်ကောက် လိုက်ရအောင်နော်။ရှေ့ကသင်ခဲ့ တဲ့နိဗ္ဗာန် အကြောင်း ပြန် သွားရအောင်နော်။တရားမွန် ထဲမှာပဲနော်။တဏှာက ဘာကိုပြောတာလဲ။ အာရုံ၌ကပ်ညိ ခြင်း၊

အာရုံကိုချုပ်စပ်ခြင်း ၊ပေါ်တဲ့အမူအယာအရိပ်ကို အကောင်လို့ ထင်ရင် မပျောက်တော့ဘူးလေ။ ငါ၊ငါ့ ပစ္စည်းလို့ တွဲမသွားဘူးလား။ကပ်မနေဘူးလား။အဲဒါကို ဆိုတာစိတ်အမြင်မှား ဒိဋ္ဌိ ပါမနေဘူးလား။ငါထင်တဲ့ မာနကော အဲသည်တော့ မှ ဆက်တာကိုး ။သည် ၃ ခုကို ဘုရားရှင်က တစ်ပေါင်းတည်း လို့ အမိန့်ရှိထားတာ။

ဒါလည်း မိုးကုတ်ဆရာ တော် ကြီး စကား နော်။တဏှာ ရှိ ရင် ဒိ ဋ္ဌိ ၊မာ နပါ ပြီး သား ပဲ တဲ့လေ။ ဒိဋ္ဌိသေရင် အကုန်သေတယ်၊ အမြင်မှားသေရင် အကုန်သေ တယ်။အမြင်မှန် အရေးကြီးတယ် ပြောတာပေါ့ နော်။

**အမြင်မှန် ဆိုတာလည်း ကိုယ့်ဘာသာ ကိုယ် မမှန်နိုင်ဘူးနော် ၊ခန္ဓာ ၅ ပါး ကိုပိုင်းခြားသိ တော့ မှအကောင်အထည် ပျောက်သွားတဲ့ အမြင်ရှိတော့မှ အမြင်မှန် ခေါ်တာ။**ရမလား၊ ဘုရား ရှင် အမိန့်ရှိတာ ကို ဘုန်းဘုန်း တို့ ကအကဲခတ်ကြည့်တော့ လို့ဟုတ်ပါလား လို့ အ ကောင်အထည် မဟုတ်ကြောင်း လက်ခံလိုက်ရင်ရပြီ။

သည် မှာ သတ္တိ ကိန်း ပြီဟုတ် မဟုတ် ပြန် တွေး မယ် နော်။မျက် စိ မှိတ် တော့အ သက် ရှု ရင်း လည်း ပဲ ကိုယ် မှာ ထိ တာနဲ့ မျက်နှာ၊လက် ခြေ ၊ အရိပ် တွေ ပေါ် မနေ ဘူး လား။ အငွေ့လိုဖြစ် မနေ ဘူး လား။

ခင် ဗျား ခေါင်း ပါ၊

ခင် ဗျားနှာ ခေါင်း ပါ၊

ခင်ဗျား ပါး စပ်ပါ လို့ပြောလား။

ငါလို့ ကော ပြောလား ။

အကောင်အထည် ကော ဟုတ်လား။

အငွေ့ လို ပဲ ပြီး တော့ ရှိ ပါ့မလား၊ မရှိဘူးပျောက် သွား တာ၊အမှန် တ ကယ် တော့ သေဘို့ လို့ ပေါ်တယ်ပေါ့။ မရှိတော့ဘူးသေတယ် လို့ မှတ်လိုက်။ပေါ်လာရင် ပျောက်ဘို့ ဆို တာ သေ တယ် ခေါ် တယ်။ပြန်မလာတာ သေတာပဲ ။ အဲသည်အတိုင်းပဲ စူးစိုက် တွေးလိုက် တယ်ငါ ရယ် အိမ် ရယ်တွေး လည်း ပဲ ၂ခုလုံးဟာ သေဘို့ ပဲ ပျောက်ဘို့ ပဲ၊အဲသည်


အတိုင်းအမြင် မှန်နေရမှာ။ အ ကောင်အထည် မ ရှိဘူးပျောက်မှာပဲ၊ စကားလုံး မပါဘူး နော် ။တောင်းဆိုချက် မရှိဘူးနော် ။

ပြင်ပေးပါ ပြောင်းပေးပါ တောင်း ဆိုချက် လုံးဝမရှိဘူး ။ တောင်းဆိုချက် မလာ ဘူး။ အဲ သည်အတိုင်း ဆုံးဖြတ်ပေးရမှာ။ရမလား ကောင်းပြီ ရှေ့တိုး ရအောင်၊ အဲသည် ၃ မျိုး ကို ပယ်ရန် အတွက် ဘုရားရှင် က အမိန့်ရှိတယ်။

ရှုတဲ့ခါဘယ်လိုရှု ရမလဲ မေးရင်

**(နေတံမမ၊ နေသောဟမသ္မိ၊နမေ သောအတ္တာ)**

လို့ ရှု ရ မယ်။




ဘာ ကြောင့် ဘုန်း ဘုန်း က အလုပ် ပေးတရား အနေ နဲ့ခိုင်ခိုင် မာမာ ချ ပေးတာလဲ ဆိုရင်.. ရွှေဟသ်ာဆရာတော်ကြီး က လည်းသည် တိုင်းချ ပေးခဲ့တယ်။သက်တော် ၁၀၂ နှစ်နော်။ဆရာ တော်ဘုရား ကြီး ကို အသက် ၁၀၂ နှစ် ပူဇော် ပွဲ မှာ စာ ရေး ဆရာ တ ယောက် ကချဉ်း ကပ် ပြီး အင် တာဗျူး တဲ့ အခါဆရာ တော်ဘုရား ကြီး ကျန်း မာ ရေး ကောင်း အောင် နေပုံ စား ပုံ တွေမေး တဲ့ အခါ ဖြေ ပေး တယ်။ ဝိ ပ ဿ နာ တရား ပွား ပါ သလား ဘုရား လို့လျှာ ရှည် လိုက် တယ် ။

ဆရာ တော် ကြီး က ဝိ နည်းကို အင် မတန် လေးစားတာ ။ ပွားတယ် ဆို လည်း အာပတ် က သင့် အုံး မှာဆို တော့။မပွား ဘူး ဆိုရင်လည်း ညာရာကျ အုံး မယ်ဆို တော့ ရှောင်ပြော တယ်။ တို့များ ကွယ် အနတ္တ လက္ခ ဏ သုတ္တန် ပွား ပါ တယ်။

ဖြစ် ပျက် အမှတ်ခေတ် ဆို တော့ကာ အနတ္တလက္ခဏ သုတ္တန် ကို ဝိပဿနာ မထင် ဘူး လေ ။ အနတ္တလက္ခဏ သုတ္တန် က ဝိပဿနာ ဟုတ် ပ့ါမလား ပါ လား ဘုရား တဲ့။လျှာ သွားရှည် တယ်၊ဟုတ် တယ် ပြော လည်း ပြန် ညှိ အုန်း မယ်၊မသိ တာ ကို လည်း စိတ် မ ကောင်း တော့ တယ် မိုက်တဲ့ကောင် တွေ ကိုးဆို ပြီးညိမ် နေတယ် ဆက် မပြော တော့ ဘူး။

ဘုန်းဘုန်း က အရေးကြီး တာ သိပြီရိပ်မိတော့ ပြန် ရှာ ရတာ။ မင်းကွန်း ဆရာတော်ဘုရား ကြီး နဲ့ ရွှေ ဟင်္သာ တောရဆရာ တော် ဘုရား ကြီး က အ ခိုင် အမာ ကိုင် သွား တာ။ကျမ်း မှာတချက် ကြည့်လိုက် တော့ လည်းအား လုံး သတိ ထား မိ တယ် နော်။ ပဥ္စဝဂ္ဂီ ၅ ဦး ဟာတရား ၂ ပုဒ် နဲ့ ရဟန္တာ တာ... ပထမတရား ဦး ကဘာတုံး။ဓမ္မစ ကြာ်နော်၊ ခန္ဓာ ငါး ပါးသဘော ပေါက် အောင်ဟော တာ နော်။

တစ်လော က လုံး မှာတကယ် ရှိ တာ ခန္ဓာ ၅ ပါးတစ်ခု ပဲ ရှိ တယ်။

စဉ်းစား ၊စဉ်းစား အခုနေ ဘုန်း ကြီး ကလော ကကြီး ရှိ တယ် ပြော လိုက် တော့၊ မကြား ဘူးလား မနော မှာ လည်းကိုယ် မြင် ဘူး တဲ့ ပုံ ရိပ် ပေါ် မလာ ဘူး လား။ ဒါဖြင့်လောကလား၊ ခန္ဓာ ၅ ပါး လား ၊ ကြား သိ ခန္ဓာ ငါး ပါး။

မနော ပေါ် တဲ့ ခန္ဓာ ၅ ပါးပိုင်း ခြား သိ တော့ မှ တကယ် မရှိ ဘူးနော် ။

အဲ သည်အရိပ် ကိုပဲ အ ကောင် ထင်ပြီးသမုတ်တာ။ လောက တကယ် မရှိ ဘူး နော်။ တကယ်ရှိတာ ဘာရှိတာလဲ ခန္ဓာ ၅ ပါး ။ တစ်လောက လုံး တ ကယ် ရှိ တာ ခန္ဓာ ၅ ပါး တခုပဲရှိတယ်။အဲ သည် သဘောတရား ဟာ အကြောင်းကြောင့် ပေါ်ပြီး ရင် မြဲ မ လား ပျောက် မလား။ဒါဆိုရင် ဓမ္မစကြာ် ပြီးသွား ပြီ။

**ယံ ကိဥ္စိ သမု ဒယ ဓမ္မံ သဗ္ဗံ တံ နိ ရော ဓမ္မံ တိ** အ ကြောင်းကြောင့် ပေါ် ပြီး ရင် မြဲ မလား ချုပ် မလား ၊ချုပ် သွား တာ၊ သ ဘော ပေါက် သွား တော့မှပထမ ဦး ဆုံး ပေါက် တာ ကောဏ္ဍည ကြီး နော် ။

နောက် လေး ပါး ကို ဘုရား ကိုယ် တိုင်..နောက် လေး ပါး ကို တမနက် တမနက် သင် ရ တယ်..လပြည့် ကျော် ၄ ရက် မှ ၅ ပါး လုံး သ ဘော ပေါက် သွား တယ်။ခန္ဓာ ၅ပါး သိ သွား ပြီ နော်။သိ တော့မှ လပြည့် ကျော်၅ ရက် ကျ မှ အ လုပ် ပေး တရား စ တယ်..။ ဘာ သုတ္တန် လဲ။အနတ္တလက္ခဏ သုတ္တန်..။အဲ သည် မှာ ပါ တာ ၊သည် နေရာ မှာ သုံး သပ် ကြည့် ရင် ခန္ဓာ ၅ ပါး သဘောတရား ကို နားလည်ပြီ ဆိုတော့မှ ကို ဘုရား က၊

မြဲ လား မမြဲဘူးလား လို့ မေးလိုက်တယ်။အနိစ္စံဝါ တံ အနိစ္စံဝါတိဘုရား မေး တော့။**အနိစ္စံ ဘန္တေ** မမြဲ တာ သေချာသွားပြီနော်။ ပြီးရင် သူ ကချမ်းသာခေါ် မလား ဆင်းရဲခေါ် မလား တဲ့။ပေါင်း ပေါင်း လောင်သွားတာ သိတော့ ဆင်းရဲသက်သက် ပဲ။ ဒါဖြင့်ရင်ကောင်း ပြီ တဲ့ ထို သဘောတရား ကို ငါ ပိုင်တာပါ။ငါပါ၊ အနှစ်သာရ ရှိ တဲ့ အသက်လိပ်ပြာ ပါ လို့ယူရင် တော်ပ့ါ မလားတဲ့၊ ခန္ဓာ ၅ ပါးပေါ်ရင် မနော ထိသွားပေါ်တာ မဟုတ် လား။ပေါ်တာကို ငါ၊ငါ့ဥစ္စာ လို့ယူရင် ဇာတ်လမ်း မဆက်ဘူးလား၊ ဆက်ရင် မွေနောက်ချောက်ခြား သွား တာ။ ယောက်ယက်ခတ် ကုန်တာပဲ၊မှားတယ်တဲ့ မယူနဲ့တော့တဲ့ ၊ဘုရားကပေါ်သမျှ မှာ ပေါ်တိုင်းပေါ်တိုင်း ကို ငါပိုင် တာ မဟုတ်ကြောင်း။ ထိုအရာ သည်ကား

**နေတံ မမ=န ဧ တံ မမ=ဧတံ ထို သ ဘော သည် ကား**

**နမမ=ငါ ပိုင် ငါ ဆိုင် မဟုတ် ကြောင်း ဆုံး ဖြတ် ပေး တဲ့ ပိုင် တယ် မပြော ဘူး နော်၊ပြီး တော့**

**နေသော ဟမသ္မိ= န ဧ သောဟံ အသ္မိ**

**ဧ သော ထို အရာ သည် ကား၊ န အဟံအသ္မိငါ ဖြစ် နေ ပါ သည် မပြော ဘူး တဲ့ ။ ငါ လို့အဝင် မခံ ဘူး လို့ ဆုံး ဖြတ် ပေး တဲ့။အမှန် အတိုင်း ဆုံး ဖြတ် ခိုင် းတာ နော်။**

နမေသော အတ္တာ= ဧ သော ထို အရာ သည် ကား

မေငါ ၏ န အတ္တာ အ သက် လိပ် ပြာ အတုံး အခဲ မဟုတ်ဘူး။

လို့ အ မှန်အတိုင်း ဆုံးဖြတ် ပေး တဲ့၊တံ လုပ် အ ငွေ့လို ပဲ တဲ့ ဆုံး ဖြတ် ပေး တော့ တဲ့အဲသည် အတိုင်း ရှု မှတ်လို့ ရှိရင်ကပ် ညှိ မှု မရှိ တော့ဘူးတဲ့။

အဲ လို့ မရှုမိရင် ဆက်တယ်.. လာ ချင်တာ လာတော့..မကပ် တာ့ ဘူး ရှု လို့ ရှိ ရင် မဆက် တော့ ဘူး။ မရှု မိ ရင် ဆက် မယ် ။ ဆက် ရင် လောင် မယ် ။ လောင်ရင် ဥပါ ဒါန် ကံဆက် မယ်။ သံသရာ ရှည် မယ်။ရှု လို့ရှိ ရင် မ ဆက် ဘူး လို့ အ သိန ၁ လာ လိမ့် မယ်။အသိ နာ တော့ မှခန္ဓာ ၅ပါး ပေါ်မှာ ညည်း ငွေ့တယ်..။ အကောင်အ ထည် ထင် လိုက် ပြန် ရင် ပင် ပန်း ပြန် ရင်း၊ ဟုတ် လည်း မ ဟုတ် ပဲ နဲ့ပင် ပန်း လိုက် တာ လို့မြင် လာ လိမ့် မယ်။လာချင်တာလာ တော့ မ ကပ် တော့ ဘူး။ မကပ် ရင် လွတ် ပြီ ။လွတ် ရင်ဇာ တိ ကုန်ပြီလို့ ဘုရား က အ မိန့် ရှိ ခဲ့ တာ။သည် မှာ တင် ပြီး ပြီ..အကုန်လုံး ရ ဟန္တာ သွား တာ။အဲသည်နေ့မှာ ပဲ...ကော ဏ္ဍည ကြီး ရဟန်းတာ သွား တာ။ အမြင်ရှင်း သွားတာ ကိုး။

စက် ဝိုင်း ဒေသနာ နဲ့ ပြန် ကြည့်ရအောင်နော်။သည် တိုင်းမရ သေးဘူး နော်။ စက် ဝိုင်းဒေသနာပြန် ကောက်ရအောင်နော်။

မင်းကွန်း ဆရာတော် ဘုရားကြီး နဲ့ ရွှေဟင်္သာတောရ ဆရာတော် ဘုရားကြီး ၂ပါး နော်။ အမိန့်ရှိခဲ့ တာ ဘုန်းဘုန်း တို့ မှတ်သားစရာ ကောင်းတယ်။ သူတို့ ခန္ဓာဝန်ကျပြီး တော့ ဓါတ်တော် တွေမြစ် ထဲ ပဲ မျှောခိုင်း တယ် မသိမ်းခိုင်း ဘူးနော်။ ဒါပေမဲ့ နာဂတိုက် ကို သွားဖူးတော့ ဆရာတော်ကြီး ဓါတ်တော်တွေ တွေ့ရတယ်။ တပည့်တွေ က ကောက်ထား လိုက်တာ။အဲဒီတော့မှ ရဟန်းကိစ္စ ပြီးမှန်းသိရတယ်။သည်အမြင် ဟာ အမှန်ပဲကိုး..။သည် မှာ ကြည့်လိုက်ပါအုံးနော်။ ကာလ ၃ ပါးကြည့်တော့ နံပါတ် ၁ ကဘာကာလလဲ လွန်လေပြီး သော အတိတ်ကာလ၊ပြီးပြီးသား ဟာတွေ ပြန်ရှုလို့ ရပ့်မလား။ထားခဲ့နော် နံပါတ်လေး က အနာဂါတ်ကာလ မပေါ်သေးဘူး။ရှုလို့ရပ့်မလား ထားခဲ့နော် သဒ်န်းစာ ယူဘို့ နဲ့ မမှားဘို့ ဘုရား ဟောခဲ့တာနော်၊ တကယ်ဖြစ် နေတာ ၂ နဲ့ ၃။ နံပါတ်၂ အကွက်က သည်ပုံစံပဲ..။

စာ မှာတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန။ ဖဿ၊ ဝေဒနာ။ဝိညာဏ် ပါမနေဘူးလား။ ဝိညာဏ် က ဘယ်သူ့အမည်လဲ၊စိတ်ရဲ့အမည်။အကင်းပါး ရမယ်နော်။ စိတ်ဆိုရင် တစ်ခုထဲ ဖြစ်ပါ့မလား စေတသိတ် ပါမနေဘူးလား..။စိတ်စေတသိတ် ဆိုတာ သူချည်းပဲ မပေါ်ကောင်း ဘူးနော် ။

အာရုံ၊ဒွါရတိုက် မှပေါ်တာ။

အာရုံဆွဲကိုင် ပြီးတော့မှသိ တော့မှ ဒါ တွေအကုန် ပေါ် လာတာ။ တစ်ပေါင်းတည်းဖြစ် တစ်ပေါင်းတည်းချုပ် မနောထိပေါ်တာ မနောမှာ ဘာသိလဲ ဆိုတော့ အရိပ်အမူအရာ သိပြီ..သိတာကို နောက်စိတ်ကအမှောင်ဖုံးရင် ဆက်ပါ့မလား။ အ မှောင်ဖုံးရင် အကောင်ထင် မသွားဘူးလား။မိစ္ဆာပဿတိ ဒိဋ္ဌိ ဖြစ်သွားပြီလေ၊ ဒီတော့မှ ငါ ပေါ်မလာဘူးလား။အာရုံကပ်ညီရင် ငါ့လက် ၊ ငါ့ခြေ ၊ငါ့အိုး ၊ငါ့အိမ် ကပ်ထား ပြီ။ အမြင်မှားထားပြီ ဒါဆိုရင် တဏှာဖြစ်နေပြီ။အာရုံကပ်ညီ ရင် တဏှာဖြစ်နေပြီ။ အဲဒီတော့မှ ငါ့အတွက် ငါ့စီးပွားအတွက်လို့ ပုံစံချတာ ဥပါဒါန်ပဲ။ မင်းကွန်းဆရာတော်ကြီး စကားကြောင့် သိရတာနော်။ဆုံးဆုံးဖြတ်ဖြတ် ကြံစည်တာတဲ့၊ စီမံကိန်း ချထားတာပေါ့၊ငါ့အိမ် အတွက်ဘာလုပ်ရအုံးမယ်။

ငါ့ အတွက်နောင်ရေး ဘာလုပ်ရအုံးမယ်လို့ စီမံကိန်း ချမထားဘူးလား။ချရင် သတ္တိမကိန်းမနေဘူးလား။မှတ်တမ်းကိန်းနေပြီ။ကိန်းရင်မဖြစ်မနေ တွေးတာဟာ ကံမြောက် ပြီ။

စီမံကိန်းတွေများ လို့ ခိုင်မာနေရင်မလုပ်ပဲ မနေ လုပ်နေရတော့တာပဲ။မဖျက်နိုင်တော့ဘူး။စီမံကိန်းတွေ က အများကြီး မဟုတ်ဘူးလား အကောင်ထင်တော့ မှ..ခုနေကြည့် အိမ်စီးပွားတွေ အကုန်ထားခဲ့ မယ်..အမျိုးသားက လည်း ဘုန်းကြီး ၊ရဟန်းဝတ်မယ်။ အမျိုးသမီးက လည်း သီလရှင်ဝတ်မယ် လို့ ဆုံးဖြတ်ချက်ချ ကြည့်ပါလား။ ရမလားလို့ မရသေးဘူးနော်။ စီမံကိန်းတွေက အများကြီး ဆိုတော့ ဖျက်လို့ကို မရဘူး ပြည့်နေတာပဲနော်။ ထွက်တာဟုတ်တယ်ဘုရား။ ကလေးတွေ ရှိသေးတယ်၊ အပျိုရှိသေးတယ်။လူပျိုရှိသေးတယ်။အကြောင်းတွေ ပြမလာဘူး လား။

ဘယ်သူက ပြောလဲစဉ်းစား။

သဘာဝတရား က စကားပြော မှာလား ရှာကြည့်လေ။ကဲ စိတ်ကကော စကားပြောလား၊တစ်ပေါင်းတည်း ပေါ်လို့ ရှိရင် သိ သဘောတရား က သိသဘောပဲရှိတယ် စကားပါလား၊ဘယ်သူ စကားပြောလဲ စဉ်းစားမျက် လုံးကကော စကားပြောလား။လျှာကကော ပြောပါ့မလား။

ဘယ်သူစကား ပြောလဲ စဉ်းစား။

အမြင်မှားသွားတာ။အကောင်ထင်ပြီးတော့ မှ  အသက်ဝင်တော့ မှ ဝစီပညတ် ထည့်တာလေ။ ထည့်တော့ မှ ပေါ်တဲ့ ပုံလေးတွေကို သမီး  ဒါကငါ။ တပည့်တော် သမီး ကလို့ ပြောတော့ ဟုတ်လည်း မဟုတ်ဘူး။ တပည့်တော် နဲ့ သားနဲ့က တပည့်တော်အိမ်ကလို့ ပြောတော့ အမှား ကြီးမဟုတ်လား၊ တပည့်တော် မရှိရင် မဖြစ်ပါဘူးဘုရား..လို့သူက ပြောတာလေ။အကြောင်းပြချက်တွေ က သူကပြောတာလေ၊ တဏှာဝင် ရင် စကားတွေ ပြောပြီလေ ။

တပည့်တော် က တပည့်တော် ရဲ့ သား၊ တပည့်တော် သမီး က၊တပည့်တော်ရဲ့ စီးပွားရေးက၊တပည့်တော်ရဲ့  အိမ်က ၊တပည့်တော်မရှိ ရင် မဖြစ်ပါဘူး ဘုရား။

ဘယ်သူက ပြောတာလဲ တဏှာ၊ တဏှာ အ ဆင့်ကျတော့ စကားပြောပြီလေ။ တဏှာ အဆင့် က အသက်ဝင်ပြီလေ။အဲဒီတော့မှ စီမံကိန်း က ဖျက်လို့ ကို မရတာ။ဖြစ်ချင် တဲ့ ပုံစံချထားတာ က မသေခင်  ဒီပုံစံ ဖြစ်ရမယ်။ ငါ့တာ ဝန်လို့ က ခိုင်ထားလိုက် တာ တော်တော်ကြီးကြယ် နေပြီ။ ဖြုတ်လို့ ကို မရတော့ဘူး၊ မရ ရင် ကံထဲက ထွက်နိုင်ပါ့မလား။ကောင်းကံ မကောင်းကံ ဖြစ်ပြီ မထွက်နိုင်တော့ဘူး။မကျေနပ်တာ ကျေနပ်တာလာပြီ၊ကုသိုလ် အကုသိုလ် ပေါ်မလာဘူးလား။ ကုသိုလ် ၊ အကုသိုလ် ပေါ်ရင် ခါတ်ရိပ်၊ခါတ်ခိုး တွေပြောင်းပြီ ။ သေချာပြီ အဲဒီ ပုဂ္ဂိုလ်က ဇာတိ လာမှာကျိန်းသေ သွား ပြီ။

သွားမှာကသွားမှာ...သက်သာအောင် သင်နေရတာ၊ ကုသိုလ်ဖြစ်အောင် သင်နေ ရတာ။မေတ္တာလေး ပေါင်းပေးပါ အဆင်ပြေအောင် စိတ်ကို ချိန်ပေးပါ။အဆင်ပြေ လို့ အ

အေးခါတ်ထွက် ရင် တန်ခိုးကြီး ပါလိမ့်မယ်။သက်သာပါလိမ့်မယ် ပြောနေရတာ။သွားတာက သွားမှာ ချောက်ထဲ သွားနေတာမို့ လို့ သက်သာအောင် ပြောရတာ။ အမှန်က ဘုရားက မ သွားစေချင်ဘူး။ ဘုရားက လုံးလုံး မသွားစေချင်ဘူး။ဘာဖြစ်လို့လဲ ဆိုတော့ အကြိမ်ကြိမ် ဖြစ် ခဲ့ပြီးသားလေ...။ အများကြီးလည်း ချမ်းသာဘူးတယ်။အများကြီး လည်း ဆင်းရဲဘူးတယ်။ ဘုရား က ဘုရားဖြစ် တဲ့ အခါ နောက်ကို ပြန်ကြည့် တဲ့ ညာဏ်၊ ဘဝများစွာမြင် တဲ့ ပုဗ္ဗေ နိ ဝါသ ညာဏ် ဆိုတာရှိတယ်။ကြည့်လိုက်တော့ ဘဝတွေ အများကြီး ၊ ဘုရားက မြင်ရတာ။ ဘဝ တိုင်းက ဖြစ်လိုက် ကုသိုလ်ခါတ်ပါ သွားရင် တအားချမ်းသာတာ။

စကြာမင်းဖြစ်၊နတ် ဖြစ်၊ ဗြဟ္မာဖြစ် ၊နတ်ဖြစ်၊ အဆုံးမတော့ ပြီးရင် သေပြန်တာပဲ။ မချိမဆန့် ခံစားရတာပဲ။ ဘယ်ဘဝ ရောက်ရောက် ဆင်းရဲတဲ့ ဘဝလည်း သည်လို ပဲ သေပြန်တာပဲ၊ ဘယ်ဘဝ မှ မ ကောင်းဘူး။ နောက်ဆုံးကြီးပွားရေး ဆိုပြီး အားစိုက်ကြ တာ နောက်ဆုံး မြေကြီး ပဲမြင့်မြင့် လာတော့တာပဲတဲ့။အကုန်လုံး သတိမထား လို့ အဲသည် စကား ကပိုထိတယ်၊

ယသော်ဓရာ ကျွတ်တာ အဲသည်မှာကျွတ်တာ။ရာဟုလာလေးက ကိုရင်ဖြစ်တာ ကိုး။ နန်းတော်မှာလည်း ဘုရင်က ဆိတ်သွားတာ၊ဘုရင်ဖြစ် မဲ့သားလေးမို့ သွားတောင်းတာ။ တောင်းတဲ့ အခါကျတော့ ယသောဓရာ ဘယ်အကျိုးစီးပွား မြင်လို့ ကလေးကို တောင်းတာ ပါ လဲ..။ သားတော်လေး က ဘုရင်ဖြစ် မှာ ၊ တိုင်းပြည်ကြီး က စည်ပင် သာယာလိမ့်မယ်တဲ့။ အကျိုးစီးပွား ရှိပါတယ် လို့ ပြောတော့တဲ့။

ငါတော့ အဲလို မမြင်ဘူးတဲ့။ဘုရား က မြေကြီး ကြီးပွားရေး ပဲ မြင်တယ်တဲ့၊ဘုရား က။

နားမလည်တော့ဘူးနော်။

အဲဒီတော့ မှ ဘုရားကရှင်း ပြ တာ။သားတော်လေး ဟာ မြင်တာ ကြားတာ၊ နံတာ စားတာ၊ ထိတာ မနောထိ ပေါ်သမျှ မှာ အကောင်အထည် ထင်ပြီး ဆက်ရင်တဲ့ ဇာတိလာမှာ တဲ့ အကြိမ်ကြိမ်သေရမှာ..။ သေတော့ မြေကြီး ပဲ မြင့်လာလိမ့်မှာ။မဆုံးနိုင်ဘူးတဲ့။ သစ်ပင်

တွေ စိုက် သစ်ပင် မျိုးစေ့ က ကြီး လာ ၊ အပင်ကြီးဖြစ် မသွားဘူးလား။ မြေသြဇာ ဖြစ်နစ်ကြာတော့ မြေကြီးပဲမြင့် လာလိမ့် မယ်တဲ့ ။ လွတ်လမ်း ပဲ ရှာတာ ကောင်းပါတယ် ၊အဲသည်နေ့ ပဲ ယသောဓရာ ရဟန်းဝတ်တော့တာပဲ..။

ယသောဓရာ တော့ ရဟန်း ဝတ်ပြီ နော် ။လွတ်လမ်း က ဒါပဲရှိတာကိုး ။ မှတ်ကြပါ သည်တစ်လမ်း ပဲရှိတယ် လို့ မှတ်ထားရမယ်နော်။ သည်ဘက်မှာ ကံမြောက် တယ်ဆိုရင် ကုသိုလ် နဲ့ အကုသိုလ် ၂ မျိုးပဲရှိတာပဲ။ ကုသိုလ် အချိုးအစား များသွား ရင် ချမ်းသာမယ် အကုသိုလ် များသွားရင် ဆင်းရဲမယ် ဒါဆန်းလား။မဆန်းပါဘူး။

ဖြစ်တိုင်းဘဝ မှာ ရှာကြ၊ဖွေကြ၊ စုကြ ၊ဆောင်းကြ ၊စားကြ၊ သောက်ကြနဲ့ ပြီးတော့ သေပြန်တာပဲပေါ့ ။ဒီလို နဲ့တစ်နေ့ တစ်နေ့ အချိန်ကုန်တာပဲလေ။ အဲဒီထဲ မှာ အနှစ်သာရ က ကုသိုလ်ဓါတ်လေးဖြည့် နိုင်ရင်တော့ တော်တာပေါ့ စွမ်းအား မြင့်တာပေါ့။ ကုသိုလ်ဓါတ် မြင့်ရင်ဆင့်ကဲဆင့်ကဲ မြင့်လိမ့်မယ်။ ဆင့်ကဲဆင့်ကဲ မြင့်သွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် လက်လှမ်းမှီလိမ့်မယ်..။အခု လည်း လက်လှမ်းမှီ လို့ သည်တရားနာ ခွင့်ရတာ။ သည်တရား မျိုးပေါ်ဘို့ လည်းမလွယ်ဘူးလေ။နာဘို့လည်းမလွယ်ဘူး။အင်မတန်ကို ပဲ ကုသိုလ်ဓါတ်များ လို့ နာခွင့်ရတာ။ရတုံး ကို ကြိုးစားလိုက်မယ် ဆိုရင် တကယ်ပြတ်ပါလိမ့်မယ်။ ဒါ က အနှစ်ပဲ လို့ မှတ်ပါ။ကျန်တာတော့ အကုန်ရဘူးတယ်။

ဘုရင်လည်း ဖြစ်ဘူးတယ်။

မိဘုရား လည်း ဖြစ်ဘူးတယ်။

စကြာမင်းရဲ့ မိဘုရားလည်း ဖြစ်ဘူးတယ်။

နတ်မင်း ရဲ့မိ ဘုရား လည်း ဖြစ်ခဲ့ဘူးတယ်။

သူဌေး၊သူကြွယ် ဖြစ်ဘူးပြီးသားလေတယ်။

အကုန်ရဘူးတယ် ။ ဖြစ် ဘူးတယ်။

အပါယ်လေးပါးလည်း ကျဘူးတယ် ။

နတ်ဖြစ်ဘူး တယ်။

ခွေးဖြစ်ဘူးတယ်။

အကုန်ဖြစ် ဘူး တယ်နော်။ မရဘူးတာ တစ်ခုမှ မရှိတော့ဘူး ။

**မရဘူးတာ နိဗ္ဗာန်တစ်ခု ပဲ ကျန်တော့တယ်** တဲ့ ။ သည်တစ်လမ်း ပဲ ရှိတော့တာ၊ သည်အမြင် ကို ဘုရားရှင် ကိုယ်တိုင်လည်းပဲ အကြိမ် ကြိမ်အမှားမျိုးစုံ ကြုံခဲ့ပြီးသား၊ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီးသားလေ။ဉာဏ်တော် ကြီးနဲ့ မြင်ခဲ့ပြီးသား။

သည်လမ်း အကောင်းဆုံးပဲ လို့ ဘုရားပြခဲ့တာ၊ မဂ္ဂင် ၈ပါးအကျင့်လမ်းပဲ။ အဲဒီ လမ်းဘုရားပြခဲ့တာ။ အဲဒီ လမ်းမှာ ဘုန်းဘုန်း တို့ပျော်သင့်တယ်။ အဓိကလမ်း လို့ထားသင့်တယ်။ အဓိက ကျင့်စဉ် လို့ ထားသင့်တယ်။ကိုယ့်ဘဝအတွက် အဓိက အဖော် လို့ထားသင့်တယ်၊ အဖော်စကား မမေ့နဲ့နော်။ကျန်တာတွေ က အဖော်ကောင်း မဟုတ်ဘူးလို့ ပြောချင်တာ။ အဖော်စကားကိုနည်းနည်းလေးရှင်းမှ ရမှာနော် ။ စိတ်ကူးတွေ က အဖော်ပဲလေ၊ တချို့ ကမြေးလေးနဲ့ အဖော်လုပ်ရတယ် ဆိုတာက၊ မြေးပုံလေး ပုံဖော်တာလေ။တုံးလုံးလှဲရင်း လည်း မြေးလေးပုံဖော်။ မြေးလေးအကြောင်းတွေး ပြီး မြေးနဲ့ ပျော်နေရရင် မြေးအဖော်ပေါ့၊ စီးပွားရေးနဲ့ အဖော်လုပ်ပြီး စီးပွားရေး စဉ်းစား နေရရင် ပျော်တယ်။စီးပွားရေး အဖော်ပေါ့။ ကိုယ့်သားသမီး အဖော် ၊သားမယား အဖော်မရှိဘူးလား၊ တချို့လည်း ရုပ်ရှင် ပွဲလမ်းအဖော်၊ ဈေးသွားတာလည်း ဈေးသွားရင်း ပျော်တယ်ဈေးသွားတဲ့အဖော် ။ အစားစားပေါ့နော် ။ပျော်ရာ ပျော်ရာ အဖော်လုပ်ကြတယ် မဟုတ်လား။

အဲသည် အဖော်တွေ က တကယ်သေရင် အား မကိုးရဘူး။

သေဘေးကြုံ တဲ့ အခါကျတော့ ကယ်ပါအုံးဆိုရင်ကယ်နိုင်ပါ့မလား။ ကိုယ့်လက် ကိုယ့် ခြေတောင်မလို့မှ မရတာနော်။ အဲသည်ကျမှ အကုသိုလ်ဇော နဲ့ သေရရင်..အပါယ် လေးပါးဆင်းလိမ့်မယ်။ဖြစ်ချင်တာ မဖြစ်တော့ ပူတာကိုး။ ရှန်းကန် အော်ဟစ်ပြီး သေရရင် အပါယ်လေးပါးကျမှာ သေချာတယ်။အဖော်ကောင်း မဟုတ်ဘူးနော်။သည်အဖော်ကတော့ အစောကြီး ထဲ က အထည်မယူဘူး။ငါလည်းမပေါ်ဘူး။အမှန်ဆုံးဖြတ်ပြီး လေ့ကျင့်နေတဲ့ အဖော်၊ စိတ်ရဲ့ကျက်စားရာ အာရုံပဲ။အဲဒီ အဖော်ကျ တော့ ဖွဲ့တာချည် တာ မရှိတော့ဘူးတဲ့။ ဖွဲ့

စည်းပုံပျောက်လောက်အောင် ထိသွားမှာ ။ဥပါဒါန် မလာဘူး၊ ကံ မလာဘူး။ သည်အဖေါ် နဲ့ နေလို့ရှိရင်တော့ သေတဲ့အခါ အပါယ်မကျတာ ကျိန်းသေတယ်။သဘောပေါက်လား။

အောက်ထစ်ဆုံး စူဠသောတာပန်ဖြစ်မယ်။ ရဟန်းမတာနဲ့အုံး။ မသေခင် စူဠသောတာပန် ဆိုရင် သေရင် အရိယာနတ်တော့ဖြစ်မယ်။ အခြေခံနော်။ဘုန်းဘုန်း ကပဟိုတုံးက ဟောရတာ အားမရဘူးလေ။ သည် တရားသည်လောက် သိရုံတော့ အားမရဘူး ဆိုပြီးတော့ တွန်းတွန်းဟောတာ။သောတာနုသုတ္တန်ဆိုတာ ရှိတယ် ။ အဲဒီသုတ္တန် မှာ ခုလောက်သိရုံ နဲ့အခြေအနေကောင်းနေပြီ။ အားလုံးက စကားလုံးပါလား အခုလောက် သိရင်တောင်မှ ပဲ အခြေအနေကောင်းနေပြီ..။သေခါနီးရင် လည်းကျန်တာမပေါ်ဘူးလေ..။သေခါနီးမှာ မျက်စိမှိတ်ထားပြီးရင် ကျန်တာ မပေါ်ဘူးလေ။

အရိပ်ပဲပေါ်မှာ ပဲ မဟုတ်လား ။ အကောင်မဟုတ် ကြောင်း ရိပ်မိတယ် မဟုတ်လား။

ပေါ်တဲ့ အမှုအရာ အရိပ်ကို ငါမဟုတ်ကြောင်းတော့ သိပြီ နော်။ဘုရားရှင် က အမိန့်ရှိတာ..အဲလောက်သိရုံ နဲ့ လုံလောက်လား ဆင်ခြေကန်တာပေါ့။ နောက်တော့ လုံလောက် တာ သိရတယ်..ဘုရားရှင် က အမိန့်ရှိတာ ။အဲလောက်သိရင် သေတဲ့ အခါဘာဖြစ်မလဲလို့ ဘုရားဉာဏ် နဲ့ကြည့်တယ်တဲ့။ အခြေခံလောက် ကလေး သိတာတောင်တန်ဘိုးရှိနေပြီ။သေခါနီးကျတော့ သဒ္ဒါတရား ပိုပါတယ်လို့ မှတ်ကြနော်။

တရား မကျင့်တာက ကိုယ့်ကိုကို မေးကြည့်လိုက်လေ သည်ည ကိုယ့်ကိုကိုသေမယ် ထင်လား။ နောက်လကော။ နောက်နှစ်ကော။သေမယ် မထင်တော့ ပေါ့နေ တာ ပေါ့..။သေတော့မယ် ဆို ရင်ကိုင်စရာ ဆွဲတော့တာပေါ့ ။အဲသည်ကျ တော့ သည်တရား ပဲ အားကိုးရတာ အခုကျ တော့ လျော့လျဲလျဲ ကျင့်နေတာ..။ သိပ်ပြီးအားမစိုက်ဘူး။ သေမှာသိတော့ အားစိုက်ပြီလေ။ အား စိုက်ရင် ဉာဏ်ကပိုထက်တယ် ။ မဟုတ်မှန်းသိ လို့ အားစိုက်လို့ရှိရင် တဲ့ ရှုမှတ်ရင်း သေခဲ့ သော် နတ်ပဲဖြစ်မယ်တဲ့။အပါယ်မကျနိုင်ဘူးတဲ့။ အိမ်စွဲလမ်း တာမှ မလာတာ။ဘာမှ စွဲလမ်း တာ မလာတော့ဘူးလေ။

နတ်ဖြစ် ရင် ဘာဆက်ဖြစ် မလဲ ကြည့်တော့။လေးမျိုးတဲ့။ နတ်သားတွေ ကအမောင် နတ်သားနတ်သမီး။ လူ့ဘဝက ကျင့်ခဲ့တဲ့ တရားကို ပြန်ကျင့်ပါ တိုက်တွန်းလိုက်ရင် လည်း ဆိုရင်လည်း ပြန်ကျင့်တတ်ပြီတဲ့။ အဲဒီကျရင် ဉာဏ်က ပိုလင်းတာ ဖွဲ့စည်းပုံကောင်း တာကိုး။ မဟာသောတာပန် ဖြစ်လိမ့်မယ်။ကိုယ့်ဘာသာ သတိရပြီး ကျင့်ရင်လည်း မဟာသောတာပန် ဖြစ်မယ်တဲ့။နတ်ပြည်မှာ လည်း တရားပွဲ ရှိတယ်နော်။

တရားပွဲ မှာ တရားနာပြီး သတိရ ပြီး ကျင့်ရင်လည်း မဟာသောတာပန် ဖြစ်လိမ့်မယ်။

ကိုယ့်အရင်သေသွား တဲ့ ယောဂီ တွေရှိတယ် ဟိုကျ သွားတွေ့လိမ့် မယ်တဲ့။ တို့လူ့ပြည်တုံး က တရားပြန် ဆွေးနွေးပြီးပြော ရင်းနဲ့ တရားကျင့်ရင်လည်း မဟာသောတာပန် ဖြစ်လိမ့်မယ်။

ဘုရား က အောက်မကျတော့ ဘူးတဲ့ ။ အဲဒီတော့မှ ဘုန်းဘုန်း က ဖတ်ပြီးအား ရသွားတာ။

အစက ဘုန်းဘုန်း ဒီလောက် ဟောပြီး မကျေနပ်နိုင်ဘူး ။တပည့်တွေ က မလိုက်နိုင် ကိုယ်က တွန်းသင်၊ ဒါလောက်ဆို တော်တော် ဟုတ်သွားပြီနော်။ ထပ်ခါထပ်ခါ လေ့ကျင့်ပေးဘို့ပဲ ကျန်တော့တယ်..ကြိုးစား ကျင့်နော်။တိုးကျင့်ရင် ပိုရှင်းလာမယ်။

အထက်မဂ်ဆိုတာ... သီးခြားသက်သက် ဘယ်သူ မှ ဉာဏ်စဉ် ပေးတာ မဟုတ်ပါဘူး။ အမြင် ရှင်းသထက်ရှင်းတာ ကို အထက်မဂ် ခေါ်တာပါတဲ့။ သပြေကန် ဆရာတော်ဘုရားကြီးစကားနော်။ဘုန်းဘုန်းစကား မဟုတ်ဘူး။

**ပရိတ်ကြီး နိဿယသုတ် ကို ရေးတဲ့ ဆရာတော် ဘုရားကြီး က အထက်မဂ် ဆိုတာ ကွယ် တဲ့ အမြင်ရှင်းသထက် ရှင်းရှင်းလာတာ ကို ခေါ်တာတဲ့။**

သွေးထဲ မှာမဂ် သတ္တိကများသွားတာ။သွေးထဲမှာမဂ်သတ္တိ က များများလာ တာ ပညာအလင်းဓါတ် များများလာတော့ ပိုပိုလင်းလင်းလာတာပေ့ါ။အလင်းရောင် များရင် ပိုမရှင်းဘူးလား။ဒီနားပဲ ကြည့်လေ ဒီထက်ကောင်း တဲ့ မီးအားနဲ့ ဆိုရင် ပိုပြီး အမြင်ရှင်းတာပေ့ါ။ မှိန်သွားရင် တော့ မရှင်းဘူး ပေါ့လင်းလင်းလာ လို့ အမြင်ရှင်းတာကို အထက်မဂ်

ခေါ်တာတဲ့၊သည် အစပ်ဖြတ်ဘို့ အရေးက ဘုရား တစ်ခါပေါ် မှ တစ်ခါ သိရတဲ့ တရား လို့မှတ်ပါ။ အခုသင် တဲ့ ပညာဟာ **၃၁ ဘုံမှာ အမြင့်ဆုံး ပညာ**လို့မှတ်ထားကြ။ တန်ဘိုး ကြီး ပါ တယ်။ တခါတခါ ဘုန်းဘုန်း က စဉ်းစားကြည့်တယ်။ဒကာတွေ တန်ဘိုးထားစေချင် တယ်။သည် မှာ တန်ဘိုးထားတာတွေ့ရလို့ ဝမ်းသာပါတယ်။ ဘုန်းဘုန်းပင့်ရင် ကုန်ကျစ ရိတ်က အများကြီး ကုန်တာနော်။ အဲဒါကို မနမျောပဲပင့်တော့ တန်ဘိုးထားမှန်း သိရတယ်။

တောတွေ မှာ သွားဟော ရင် ပေါ့ကြတယ်။အလကားဟောတော့ ပေါ့ကြတယ်။ ကျောင်းမှာလည်း ဝင်ကြေးက ၃ထောင်ထဲ ဆိုတော့ ပေါ့ကြတယ်။ဘုန်းဘုန်းက ပြောရ တယ်။ ဝင်ကြေးတွေ တိုးတောင်းမယ်လို့ တစ်ခါဝင်ရင် တစ်သိန်းလို့၊ တန်ဘိုးကြီးပါတယ်။ ငွေများများပေးရမှ တန်ဘိုးထားတတ်ကြတယ်။ အင်မတန် တန်ဘိုးကြီး တဲ့ ပညာ။ သည် ပညာဟာဘုရားတစ်ခါပွင့် မှ သိရတာ ၃၁ ဘုံမှာ အမြင့်ဆုံးပညာ ၊သည်ပညာဟာ ဘုရား တစ်ခါ ပွင့်မှ နာရတဲ့တရား။ မနဲ စုဆောင်းထားရတာနော်။ နောက်တစ်ခု ထူးခြားချက် က ဘာသာမရွေး ၊ လူမျိုးမရွေး ၊နာလို့ရတဲ့တရား။နာသင့်တဲ့တရား။

**ဘာသာပြောင်းစရာမလိုဘူးနော် ။**

မပြောင်းခိုင်းရဘူးရတယ်။ သဘောပေါက်ရင် အမြင်ပြောင်းသွားလိမ့်မယ်။ စိတ်ပညာ တစ် ခုလို ပဲ လွတ်လွတ်လပ်လပ် သင်ခွင့်ရှိတယ်လို့ မှတ်ထားအုံး။ စိတ်ရှိတဲ့ သတ္တဝါတိုင်း မှာ ဖြစ် စဉ် ကိုဟောတာကိုး ရပြီလား။

သည်မှာ ပြတ်တာနဲ့ ဆက်တာကို နဲနဲ နှလုံးသွင်းရအောင်နော်။ပြတ်တာ နဲ့ ဆက်တာ မှာ မရှုမှတ်ရင် ဘာဖြစ်မလဲဘုရား ဆိုတော့ ။ရှုမှတ်ရင်ပြတ်တယ် ဆိုတာ ဘယ်လို ဖြစ်မလဲ ဘုရား။ သည်အမေးလေး သွားရအောင်နော်။ ပြတ်တာ နဲ့ဆက်တာ ကို ညီအစ်ကို ၂ ယောက် အကြောင်းပြောမှ နားလည်မယ်။

ကုန်သည်လုပ်နေတဲ့ သူဌေးသားတွေတဲ့။ ညီအစ်ကို (၂ ) ယောက် တိသ တဲ့ စူဠ၊ မဟာ လို့ ခေါ်တာပေါ့တဲ့ ။ တစ်နေ့ လှည်းတွေ နွားတွေ နဲ့၊ လှည်းတွေ နဲ့ ကုန်တွေရော ၊ ရိက္ခာတွေရော ဆိုတော့၊ လှည်း၅ဝဝလောက် မှ လုံလောက်တာကိုး။ သာဝတ္ထိ မြို့အပြင်မှာ

လှည်းတပ်ချတာကိုး။ ဘုရားကျောင်းကလည်းမြို့ပြင် ရှိတာကိုး၊ ညီအစ်ကို ၂ ယောက် အကြောင်းပြောရမှာ မလှမ်းမကမ်း က ကြည့်ပြီး လူတွေ အသွားအလာများတော့.. အစ်ကို ကစုံစမ်းတော့ သိပြီ။ ညီလေး ဘုရား လို့ပြောတယ် ။ငါသွားနာချင်တယ်၊ညီက ကျွန်တော်လည်းလိုက်မယ်။

ဘုရားတရား အစဉ်အတိုင်း နာပြီး တော့ အစ်ကိုက သဘောပေါက်သွားတယ်။ညီ လေး ငါရဟန်းဝတ်တော့မယ်တဲ့ ။ မင်းပြန်နှင့် တော့ တဲ့ ကျွန်တော်လည်း ဝတ်မှာပေါ့ တဲ့ဆို ပြီး တပည့်အကြီး ကို လှည်းတွေသိမ်းပြီး ပြန်တော့ ဆို ခိုင်းလိုက်တယ်။အစဉ်အတိုင်း ဘုရား ဟော အတိုင်း လေ့ကျင့်ကြ တာ။ ဒါပေမဲ့ ညီကမကျင့်ဘူး ။ ၁၂ ဝါ ရ တော့ဘုရား က ဒေသစာရီ ကြွတော့ သူတို့ မြို့ပြန် ရောက်သွား တာ ။ရောက်တော့ ကျန်ခဲ့တဲ့ ဇနီးသည်တွေကတဲ့ ၊ ရှေး က ၂ ယောက် ၃ ယောက် ရှိပုံပေါ်ပါတယ်။ ညီရဲ့ဇနီးသည်လေး ကဘုရားကို လာဆွမ်းပင့် တယ်။ ညီက ဆွမ်းပင့်သံ ကြားကတည်းက ပုံတွေ ပေါ်ပြီး ယောက်ယက်ခတ်နေပြီ..။ မထိန်းနိုင်တော့ဘူး မနက်အစောကြီး အိမ်ကိုသွားတာ

နှမတို့နဲ့ နတ်သမီး ဘယ်သူကချောသလဲ

လို့ မေးတာ။နတ်သမီး ဘယ်သူက ချောသလဲလို့ ပြုံးပြုံးရွှင်ရွှင် မေးတဲ့အသံလေး၊ အဆင်းလေး မြင်လိုက်တာ မခံနိုင်ဘူး။ ပေးပါဆိုပြီး အဝတ်လဲ တော့တာ။ အဝတ်လဲ ပြီးမှ ကပ္ပိယလုပ် ပြီး ဘုရားလာပင့်တာ။

သံဃာတွေ ကကြည့်ပြီး စိတ်မကောင်းကြဘူး။ အဲသည် သတင်းကြား တော့အစ်ကို ရဲ့ ဇနီးသည် တွေ ကလည်း သူတို့ယောကျ်ား ပြန်ရမလားလို့ ပင့်ပြန်တာပဲ။ပင့်တော့ အရှင် မြတ်ကြီးက သည်အစပ် ကို ဖြတ်တတ်နေတာကိုး၊ လေ့ကျင့်ခန်း အောင်ထားတာကိုး၊ အသံ ကြားလည်း အရိပ် အကောင်ပါလား။ မပါဘူး။ အသက်ရှူလည်း ပဲ မျက်နှာ အမူအရာ အရိပ် က အကောင်အထည် ပါလား။ ငါကောရှိလား။အကြိမ်ကြိမ် ကျင့်ဖန်များတော့ သတ္တိကိန်း ထားတော့ အောင်မြင်နေတာကိုး။ အသံကြားကြား၊အရိပ်ပဲ ပေါ်ပေါ်လည်းပဲ မဟုတ် မှန်းသိထားတယ်။ ဆက်ရင်လည်း သံသရာမှာ ချောက်ထဲကျမှာ သိတယ် ။အကြိမ်ကြိမ် နား

လည် ထားတော့ မဆက်ဘူး။အမြင်မှန် နဲ့ နေတော့ အေးအေး ဆေးဆေးပဲ။ ဘုရား နဲ့ အတူ တူကြွ။ ဆွမ်းစားပြီးတော့ ဘုရားက သိတာနဲ့ ဘုရားက  ချစ်သားသင့် ရဲ့ ဆွမ်းအစ်မ တွေ တရား ပေးရစ်တော့။တစ်ပါးတည်း ထားပစ်ခဲ့တာ။

အပြန်လမ်း မှာ ပုထုဇဉ် ရဟန်းတွေ က ခက်ပြီ ။ဒုက္ခပဲ ကျွတ်များ ကျွတ်မလား နဲ့ ပူလာတာ..။ ညနေစောင်း မျှော်နေကြတာ။တစ်ပါး တည်း အေးအေး ဆေးဆေး ပြန်ကြွတော့ အံ့သြကြတာပေါ့..။ဓမ္မသဘင် မှာ တရားထိုင်ပြီး တဲ့ အခါ ညီအစ်ကို ၂ ယောက် က ဆန်းလိုက်တာ ။ကွာလိုက်တာပြောကြတယ်။ ဘုရားက ကြွ လာတော့ တော့ နေရာယူကြတော့ ချစ်သားတို့ ငါဘုရား မလာခင် ဘယ်အကြောင်း အရာ ပြောနေကြတာလဲ မေးတော့၊ ချစ်သားတို့ ကွာတာပေါ့ ၊ နှလုံးသွင်းကွာလို့ ကွာတာ။ညီက  လှတာလေးပဲ ပုံ ဖော်တယ်။ သုဘာနုပဿီ..လှတာ ပဲ နှလုံးသွင်းတယ်..။ မျက်နှာ၊ ရင်ဝ ၊ နှုတ်ခမ်း လှတာလေး ပဲ နှလုံး သွင်းတယ်။သည် ကိုယ်လုံး ကြည့်ရင် လှတာ ရပ်မထားရဘူးလေ။သေတာ နဲ့ အသုဘ ကမ္မဋ္ဌာန်း ကို ပွားရတယ်နော်၊ ကိုယ့်ရှေ့ မှာ အဖွားအို တွေ့ရှိတယ် မဟုတ်လား။ အိုတာ ပါရ မယ် သည်ထဲမှာ  မစင်အိုးလိုဖြစ်တာ တွေးရမယ်။ နာတာ သေတာ တွေးရမှာ။

ပြီးရင်မြေ သြဇာအဆုံးအထိ အသေထိ သွားလိုက်တယ်။အဲလို ပွားရမှာကို ညီက မပွားဘူး။အလှမှာ ရပ် ထားတယ်။ အလှတွေကြီးချည်း ထည့်ထားတာပေါ့။သတ္တိကိန်းထား တာပေါ့ တစ်ခါ ဣန္ဒြေ တံခါး ကို မလုံဘူးတဲ့။ မကြည့်သင့် တာ တွေကြည့်တယ်။ နှလုံး မသွင်းသင့်တာ သွင်း တယ်။ ရုပ်ရှင်တွေကြည့် ဇာတ်လမ်းတွေကြည့်။တွေ့ရာလျှောက် နှလုံးသွင်းတော့ ရှုပ်မကုန်ဘူးလား။ တဏှာအားများလာတာပေါ့ ။ အမှောင်ခါတ် များလာ တာပေါ့ ။ ပြီးတော့ အစား အစာ မှာ အတိုင်းအရှည် မသိဘူးတဲ့ ။ ဆာဆဲ ၊ သုံးဆောင်ဆဲမှာ အတိုင်းအရှည်မသိဘူး တဲ့။

ကောင်းရင် တအားစား၊ မကောင်းရင် မစားနိုင်ဘူး။အစ်ကို ကတော့ သူနဲ့ ပြောင်းပြန် နော်။ သူမှာတဏှာ က ပိုများများလာတာ။နောက်တစ်ခါ(ကုသိတာ ၊ ဟိန ဝီရိယံ )တဲ့မိ စ္ဆာ ဝိတက် ။အလိုလိုက်ပြီး စိတ်ကူးယဉ်နေလို့ ရှိ အဲလိုဆိုရင်  ရင်  နေရင်ပျင်းတယ် ခေါ်တယ်။

တွေးစရာ အစလေးပေါ်ရင် မဆုံးတော့ဘူး တွေးနေတယ်။ရုပ်ရှင်ကြည့်သလို တွေးတာနော်။ တဲ့ ပုဂ္ဂိုလ်ပျင်းတာ နဲ့ ကွာသွားတယ်၊။တွေးစရာအစလေး ပေါ်ရင်တွေးပြီ မဆုံးတော့ဘူး။ သားလေးအကြောင်း တွေးလိုက်တာ စပြီဆိုရင် နေရင် မဆုံးတော့ဘူး။စီးပွားရေး အကြောင်းတွေးနေရင် မဆုံး တော့ဘူး။ အတွေးရှည် တွေ လက်ခံနေ ရင်ပျင်းတဲ့ပုဂ္ဂိုလ်လို့ ဘုရားက သတ်မှတ်တယ်ခေါ် တယ်။ (ကုသိတံ ၊ ဟိနာ ဝိရိ ယံ)လို့ ခေါ်တယ်တဲ့။

အဲဒီပုဂ္ဂိုလ် မှာ အထဲထဲမှာ မောဟ၊တဏှာအား တွေ များမနေဘူးလား..အဲ တော့ (သံ ဝေ ပဿတိ မာရော)။ထိုပုဂ္ဂိုလ်ကို ကိုယ်တွင်းရန်က သတ်မှာတဲ့ ၊ကိလေသာမာန် ကိုယ်တွင်းရန်က သတ်မှာ။နှိပ်စက်လိမ့်မယ်တဲ့ ပညာမဲ့တဲ့ ကြောင်လေး လိုပေါ့ ပညာမဲ့တဲ့ ကြောင်လေး က ကြွက်ကို အရှင်မြိုချလိုက်တာ၊ ဗိုက်ထဲမှာ အကိုက် ခံ ရ တော့ မှာ။ အဲ သည်လိုပဲပေါ့ အရှင်မြိုလိုက်တာပဲလေ။ အသေမှ မထားပဲ ပေါ်တဲ့အာရုံတွေ အရှင်မြိုလိုက် တာအသက် မပါတာ အသက်ပါ သလိုဝင် မသွားဘူး လား။

ဝါတော ဒုက္ခံ ၊ ဝါ ဒုဗ္ဗလယံ တဲ့ ။

ဥပမာ အားဖြင့်ကွယ် တောင်စောင်းချောက်ကမ္ဘားပဲ့လေးမှာ အားနွဲ့ သစ် ပင် လေး အ မြစ်တွေပေါ်ပြီး ယိုင်နွဲ့နေ တဲ့ သစ်ပင်လေး ကို လေပြင်းမုန်တိုင်း တိုက်သလို ပဲတဲ့။

တစ်နာရီ မုန်တိုင်း ၁၅၀ လောက်တိုက်ရင် သည်အပင်လေး ခံနိုင်လား။ လွင့်ပါသွား မှာနော်။အသံက နမတို့နဲ့ နတ်သမီး ဘယ်သူ က ချောလဲ အသံလေး ပဲ။ဘာမှဟုတ်တာ မဟုတ်ဘူး။ အဲသည် အသံကို မခံစားနိုင်ဘူး။ လူထွက် ရတဲ့ဘဝ ရောက်သွားတာ အခံဓါတ် အားမကောင်းဘူး ။ အစ်ကိုကျ တော့ ပြောင်းပြန် တဲ့။ ကြည့်လို့ရှိရင်အသုဘ ထိရောက် အောင် သွားတာ မစင်အိုး လို့ မြင် တယ်။သေသည် ထိ တွေးတယ်။အကုန်လုံး က သေမှာ ပဲ။အကုန် လုံးဟာလာဟင်းလင်း။ အကုန်လုံး သေတဲ့ အထိ တွေးရတာ။ ကိုယ့်ကိုကို က အစ သည် အတွေး ကို ထည့်ရမှာ အ မေ ပုံ ပေါ်လည်းသေမှာ ကို လိုက်ထည့်လိုက်။ အမေမရှိ တော့ဘူး။အဖေ ပုံ ပေါ်လည်းမရှိ တော့ဘူး။ကိုယ့်မျက်နှာပေါ်ရင်လည်း ကိုယ်လည်းသေမှာ

ကိုယ့်ဘဝသေ မှာ ကျိန်းသေတဲ့။ သေမှာ တွေးတိုင် တွေးတိုင်း သေမှာ ကျိန်းသေလို့ အသုဘ ပါရမယ်။

သည်တိုင်းမြင်လိုက် လည်း မစင်အိုးပမာ လို ခဏခဏ သတိထည့်ရမှာ။

နားလည်တယ်နော်။အဲလိုထည့်ပေးရင် တဏှာအားလျော့လာပြီ ၊ဉပါဒါန်အား တွေ လျော့လျော့ လိုက်လာတာ။လိုချင်တာ ဉပါဒါန် လျော့ချင်တာကိုး။စီမံကိန်း တွေ ဖျက်ချင် တာကိုး။သေပြီဆိုရင် စီမံကိန်းက ပြုတ်သွားပြီ လေ။ သေခြင်းတရား နဲ့ အသုဘ ပွားတာက အဓိက ဉပါဒါန် ကို ဖြိုဖျက်တာ။ ဘာကိုဖြုတ် တာ လဲ ဉပါဒါန်ကို ဖြုတ်တာနော်။ သေမှတော့ ရှေ့စီမံကိန်းတွေ မရှိတော့ဘူးလေ။စီမံကိန်း အားတွေ နည်းနည်း လာတာပေါ့။ ဉပါဒါန် လျော့လျော့ လိုက်လာတာ၊တဏှာအားပါ လျှော့မလာ ဘူးလား။အဲဒီအခြေခံ က စရ တာ စီမံကိန်းတွေ ဖျောက်ပစ်တာ။

တဏှာအားပါ လျော့ မလာဘူးလား။ အခြေခံက စရတာ ပြီးတော့မှ တစ်ခါ တွေ့ရာ လျှောက်မကြည့်ရဘူး။ မဆီ မဆိုင်တွေ ရုပ်ရှင် ကြည့်တာလဲ မဆီမဆိုင် ပဲ။သေချာတွေးရင် သူများအကြောင်း စပ်စုတာပဲ။သူတို့ ဇာတ်လမ်း ဘယ်လိုပေါင်းပေါင်း မ ပေါင်းပေါင်း ကိုယ် နဲ့ မဆိုင်ဘူး။အဲဒါ စပ်စုပြီး သွားကြည့်ရင် ပိုဆိုးတာပေါ့။အဲတာတွေ ရင်ထဲဝင်ရင် တဏှာ အားများ မလာဘူးလား။ဘုရားကမကြည့်နဲ့ ဆို မကြည့် နဲ့ပေါ့။ တချို့က ဆင်ခြေကန်ပြီး မကြည့်တတ်ရင် တဏှာ၊ ကြည့်တတ်ရင် ဘာဝနာတဲ့။အပိုပြောတာ အစထဲ ကမှားနေ ပြီ။ အဲဒါက လွဲတာပဲ။

ရိုးရိုးတန်းတန်း ဝန်ခံတာ ကောင်းပါတယ်။ကြည့်ချင်လို့ ကြည့်တယ် ဆိုပြီး ရော ပေါ့။မဟုတ်ဘူး ဆင်ခြေကန်တယ် **အရိပ်ကို အကောင်လုပ်မှတော့ ဒိဋ္ဌိ** ဖြစ်နေပြီ။ အရုပ်ကြီး တွေအကောင်လုပ် မှတော့ ဒိဋ္ဌိ ဖြစ်နေပြီ။ **သတ္တိကအညံ့တွေတိုးမလာဘူးလား**။ တဏှာ အားကောင်း လာတာ ရှေ့ ကိုတွေးရင် ပိုဆိုးလာမယ် အစားအစာ မှာလဲ ရှောင်တယ် ။အကိုက အဲတာကို ရှောင်တယ်။လိုက်မစပ်စုဘူးနော်။ကိုယ့်လမ်းလေး ကိုယ်မှန်မှန် သွား တယ် ။ ပြီးရင် အစားအစာ မှာလည်း အတိုင်းအရှည် သိတယ်။စားလို့ရှိရင် မစင်ဖြစ်မှာကို

သိတယ်။တဏှာမလာဘူး  သဒ္ဒါ အာ စ ဝီ ရိ ယံ ဆိုတာကနော်၊ တွေးစရာ အစပေါ်ရင် မ လိုက်တော့ဘူး ။ အကောင်အထည်နဲ့ လိုက်ပြီး စိတ်ကူး မယဉ်တော့ဘူး။ ယဉ်မိရင်လည်း သူက အသေသတ်တာပေါ့ ကမ္မဋ္ဌာန်းပြန် အစားထိုးတယ်။အဲလိုကျင့်တာ အစပ်ကို ဖြတ် တော့တာပေါ့။

အကြိမ်များစွာအဲလို  ပွားများနေတာ။ ၁၂ နှစ်အတွင်းအားချင်း မမျှတော့ဘူး၊ မတူ တော့ဘူး တရားကျင့်တာ၊ သံ ဝေ န ပ သတိ မာ နော ။သူရဲ့ အတွင်းသန္တန် မှာမာန်မရှိတော့ ဘူး ။နှိပ်စက်လို့မရတော့ဘူး။

ဝါ တောရုက္ခ ဝ ၊ သေလာ မ ပသတံ ၊တဲ့

သေလာဆို  တာ  ကျောက်တောင်ကြီးကိုပြောတာ။ကျောက်တောင်ကြီးကို  ကွယ် လေပြေတိုက် သလို ပဲတဲ့။ နမ တို့နဲ့နတ်သမီး ဘယ်သူကချောသလဲ၊သူလည်း အမေးခံ ရတာပဲ။ သူ့မှာသာ သာ အေးအေး ဆေးဆေးပဲ။ သည်အသံသူ့မှာ မထိခိုက်ဘူး။ အခံကွာ သွားတာကိုး။သည်တော့ တရားကျင့် တာက မှတ်လိုက်ပါ။

ဘုရားက ဥပမာပေးတယ်နော်။ စပါးပင်စိုက် သလိုပဲ ကွယ်တဲ့။

ချစ်သား တို့ စပါးပင်ကိုကွယ်တဲ့ အခုစိုက်ပြီးတော့ အခုသီး အခုမှည့်ခိုင်းလို့ ရပါမ လား။မရဘူးနော် ချက်ချင်းတော့ ကိလေသာချက်ချင်း ဘယ်ကုန်မလဲ။တချို့က ချက်ချင်း ကုန်ချင်တာ ။ အတင်းထိုင်တာပဲ မှန်မှန်လေးပေါ့ နေ့စဉ်နေ့စဉ်သွားရင်း လာရင်း၊လုပ်ရင်း ကိုင်ရင်း၊အမူ အရာ တိုင်းထိုင် လည်းထိုင် ရမယ်။ တုံးလုံးလည်းလှဲရမယ် မျိုးစုံပေါ့။ အကြိမ် ကြိမ်  **ဒီတိုင်း အမှန်ဆုံးဖြတ်ပေးရမယ်။အသုဘ ကမ္မဋ္ဌာန်း ပါရမယ်။ သေခြင်း တရား ပါရ မယ်။ ဣန္ဒြေ လုံအောင် ထိန်းရမယ်။**

အပိုတွေ မထည့်စေနဲ့နော်။ တဖြည်းဖြည်း ပါးအောင် လုပ်ပြီး မှ ကျင့်ရတယ်တဲ့။ ကြာတော့ မှကုန်သွားမှာ။မှန်မှန် လေး ကျင့်သွားရမယ်။ အဆင့် ဆင့် သွားရမှာ။ ချက်ချင်း ဖြစ်ပါ့မလား။

မှန်မှန်လေးသွားရမှာ ။မလောနဲ့နော်။

အတင်းတရား ထိုင်လိုက်မယ်။ရမလား ဆိုတော့ မဟုတ်ဘူး၊ မရနိုင်ဘူး။ဘုရားရှင်ကိုယ်တိုင် ဥပမာပေး ပြီး သားနော် စပါးပင်ကို ချက်ချင်းသီး ချက်ချင်း မှည့်ပါ လို့ ပြောလို့ ရမလား။ အဲသည် ပမာလို ပဲ ။မှန်မှန် လေး ကျင့်သွားရမှာ။ပဲကွပ်ရိုး ဥပမာပေးတယ် ။ပန်းပုဆရာက ကိုင်ထားတဲ့ အရိုး လေးနော်။နှစ်ကြာ ရင် လက်ရာထင်ပြီးသိမ်သွားတယ်မဟုတ်လား။ တစ်နေ့ဘယ် လောက် စားတယ် မသိရဘူးနော်။ မှန်မှန်လေးပဲ သွားရမယ်။ မလောနဲ့နော် ။

ဘုန်းဘုန်းတို့ ကိုယ်တိုင် ခံစားခဲ့ရ လို့ပြောတာ၊ ဟိုတုန်းက အမြန်ဖြစ် ချင်တာကိလေသာ ကုန်ချင်တော့ အတင်းအားထုတ်တာ ။ မရတော့ မောတာပေါ့နော်။နောက်တော့မှ စာဖတ် ကြည့်တော့ မှ အော် ဒီလို မရပါလားလို့၊ မရတာသိတာ။ မလောနဲ့နော်။မှန်မှန်သွားရမယ်နော် ။ မှန်မှန်သွားမှသတ္တိ တဖြေးဖြေး ပြောင်းပြောင်း လိုက်လာတာ။

မလောနဲ့ နော်။ မ နိုင်ဝန်ကြီး မထမ်းရ ဘူး။ သိပ်မနိုင်ဘူးဆို ရင် နဲနဲပြန်အလျှော့အတင်း လုပ်ပေးရ တာ ပေါ့။ တစ်ခါတရံ မှာ တအားစိုက်ရင် တအားမနိုင် မနင်း ဖြစ် ပြီးငါနဲ့ရောရော သွား တတ် တယ်။ခဏပြန်ဆုတ် ဂုဏ်တော် ပြန်ပွား ကုသိုလ် တွေပြန်လုပ်၊ မေတ္တာ တွေပြန်ပွား။ သက်သာအောင်နေလိုက်အုံး။ပြီးမှ သံဝေဂယူပြန်တိုး၊ တိုးလိုက် ဆုတ်လိုက်ကျင့်သွား ရ တာ၊ **ကုသိုလ်နယ် ကတော့ အထွက် မခံ နဲ့**၊နှစ်ကြာရင် တဖြည်း ဖြည်းရင့်လာ လိမ့် မယ်။ ရ ပြီ နော်။

အားလုံးမေးချင် တဲ့ မေးခွန်း က မေးချင်တာ တစ်ခု ရှိတယ် သင်သမျှ ပြန်စုလိုက်မယ်..

အရှုဉာဏ်ဆို တာ သည်မှတ်ပါ နော်စိတ်မှာ ယှဉ်ပေါ်တာ ဖြစ်သောကြောင့်ငါဟုတ်ပါ့မလား။ **အရှုဉာဏ်ကို ငါမလုပ်ရဘူးနော်။** ယောဂီတွေ မှားတာ အဲဒါမှားတတ်တယ်။ တရားထိုင်ပြီးရင် တပည့်တော်ရှုတာ ဘာတွေ့တယ် ဘုရား။ သုံးသပ်ချက် မှားနေတယ်..။ဘုရားပေး တဲ့ အမြင်မှန် ကမျက် နှာ အမူအရာ က အစအား လုံး အကောင် အထည် မဟုတ် ကြောင်း သိရမှာ။ဆုံးဖြတ် ချက်ချ ချိန် မှာသည် အစပ်ပြတ် မနေ ဘူး လား။

ကြာကြာရလား ဆိုတော့ ကြာကြာမရနိုင်ဘူးနော်။အားလေးစိုက်ပြီး ဉာဏ်လေး အား လေး လင်းသလောက်လေး ပဲရတာ။ ပြီးရင် မှိန်သွားတာပဲ ငါပြန်ပေါ်မှာပဲ။ အဲသည်မှာရော ပြီးငါနဲ့ရော သွားတာ ကိုလည်း ခွဲတတ်ရမယ်။သဘောပေါက်လား ပြန်ပြောမယ်နော် အရေးကြီးတယ်နော်ညာလို့ မရဘူးနော်။ခွဲတတ်ရမယ်။

ရှုမှတ်ဆဲမှာဉာဏ် အားရှိသ လောက်တော့ အထည်မဟုတ်ကြောင်း သိပြီးရှင်းနေမယ်။

နဲနဲကြာသွားရင်ငါပြန်ပေါ်လာ တယ်။ ငါပြန်ပေါ်တာပဲပေါ်တာ ကို လုံးထွေးပြီး ဆက်ပြီး ညာမနေနဲ့ ညာနေရင်သ ဘော ပေါက် လား ညာတဲ့အကျင့် ကကိန်းလိမ့်မယ်။ ဒါ အရေးကြီးတဲ့ အချက်ပဲနော် ။ ဝီရိယမထား ဘူး မဟုတ် ထား ရပါတယ်။ အချိန်တိုင်း မှာ ထား ရပါတယ်။ ဘယ်လိုထားရ မှာလဲ အချိန်တိုင်းထား ရမှာ။ တကယ် ရှုမှတ်တဲ့ အခါ သံဝေဂ ပြင်းပြင်း နဲ့ရှု ပြီဆိုရင် ခုနေ သေခဲ့ သော် ဆုံးဖြတ်မယ်။ ဆုံးဖြတ်လို့ ရှုမှတ်တဲ့အခါ ဉာဏ်အားလေးလင်းတုံး အထည်ရှာမရဘူး။

အဲသည်အချိန် မှာနာတာလည်း မတွေ့ဘူး။ နဲနဲကြာသွားရင် အလင်းအားကျသွားတယ် အလင်းအားကျသွားရင် နာတာပေါ်လာမယ်။နာတာ ပေါ်လို့ ရှိရင် ပေ ပြီးတော့ မှတ်မနေ နဲ့တော့။ မရတော့ဘူးနောက်ကျသွားပြီ။ ဉာဏ်အားမရှိတော့ဘူး။ငါ့ပေါင် ငါ့လက် ငါ့ခြေ ထင် ထား လို့နာတော့တာကိုး။ရမလား ငါနဲ့ပေပြီး လိုက်မနေနဲ့တော့။မရဘူး။

ပြင်လိုက်တော့..အမူအရာပြောင်းပြီးတစ်ခါ တစ်ကပြန်စ..သံဝေဂ တွေပြန်ပွား၊ ကြည်ကြည်လင်လင်ဖြစ် မှ တစ်ခါပြန်ရှု။အကြိမ်ကြိမ် လေ့ကျင့်နော်။ ဉာဏ်အား ကလင်းလာလို့ရှိရင် တစ်နာရီ ထိုင်လည်း နာမှန်း မသိတော့ဘူး။တမင်နာတာ ကို ရှာတိုက် စရာမလိုဘူး။သူ့သဘောကိုကရှေ့ကနာတာ ဆို တာကကိုယ်မှာပေါ် တဲ့ခန္ဓာလေ။သူပျောက် မှ အရိပ်ပေါ်တာ မဟုတ်လား။ အရိပ်ကို အကောင် မထင်ရင်နာ တာလာ ပါ့မလား။ အကောင် ထင် လို့ နာတာ ပြန်လာတာဖြစ်တယ်။

နာတာပေါ်ရင် ပေပြီးထိုင်မနေ နဲ့ ပြင်သာပြင် လိုက်တော့။

တစ်က ပြန်စ၊ ကိုယ့်ဉာဏ်အား က ငါမှ မဟုတ်တာကြီး ကို။

ဉာဏ် က ငါမှ မဟုတ်တာကိုး ။အလင်းအား နည်းသေးလို့ မရတာ။ အဲဒါကို ပေပြီး လုပ်မနေရဘူး နော်။အကင်း ပါးရမယ်။နှစ်ပေါင်းများစွာ အတွေ့အကြုံ အရ ဘုရားဟော နဲ့ ညှိပြီး သင်နေရ တာ။ရေရှည်ကျင့်တဲ့အခါမှာ တကယ်လိုအပ်ပါတယ်။တခါတရံ ထိုင် တဲ့ ပုဂ္ဂိုလ်တော့ မပြော လိုဘူး။ ရေရှည် မှာနဲနဲ ခက်လာတယ်။ရေရှည် မှာလုံးထွေး သွားတတ်တယ်။

**ဉာဏ် နဲ့ငါ နဲ့ရောထွေး ပြီး လုံးထွေး သွားတတ်တယ်။**

ကြာတော့ တရားကို ကျင့်ချင်စိတ် မပေါ်တော့တာ။ဘုန်းကြီး တစ်ပါးပြောဘူးတယ်။ ဘုန်းဘုန်း သူငယ်ချင်းပြောဘူး တယ်။

ကိုယ်တော် ရေ.. တရားလုပ်ရတာ ညည်းငွေ့လာပြီ..။

ညည်းငွေ့တယ် ဆို ကောင်းတာပဲ နိဗ္ဗိန္ဒ ဉာဏ် ပေါ့။မဟုတ်ဘူး တရားကိုမရှုချင်တော့ တာပြောတာ။မနိုင်တော့ဘူး။ငါနဲ့ လုံးထွေးတော့ မနိုင်တော့ ဘူးပေါ့။တော် ကြာရင် ညောင်း တာ ညာတာပေါ် လာရင် လိုက်ရပြန်တော့ မသက်သာဘူး။ ဒဏ်ပေး သလိုဖြစ်နေတာ ။ မလုပ်ချင်တော့ဘူး။

မပျော်တော့ဘူးပေါ့နော်လမ်းမှ မတည့် တာ။လမ်းမတည့်ရင် ကြာတော့ တရားထိုင်ရမှာ ကြောက်လာလိမ့်မယ်။ရှောင်ပြေးလိမ့် မယ်။ငါ ပါ နေတာကိုး နှစ်ကြာရင် ဖြစ်တတ်တယ်နော်။တရား ရဲ့သဘော က လမ်းတည့် ရင်။ အရည်အချင်း မြင့်လာတယ်။ ခံနိုင်အား ရှိလာတယ်။ ဆက်ရင်လည်း ကုသိုလ် အကု သိုလ်သိနေတယ် ။အကင်းပါး ရမယ်နော်။

**သောတာပတ္တိဉာဏ် အားသည်မှတ်ပါ။**

**တဏှာ အစပ်ပြတ်တာ လည်း သိရမယ်။**

**ဆက်ရင် လည်း ဆက်မှန်း သိရမယ်။**

**ပြီးရင် အစုံ အဆန် လမ်းလည်း သိရမယ်။**

**သတ္တဝါ အထင်ဆက်ရင် လည်း ဆက်နေတာ သိရမယ်။**

ဆက်ရင် လည်း သူ၊ငါ ယူလိုက် ရဲရဲ တင်းတင်းဆက်တော့။ဆက် မှန်းသိပြီနော်။ အဲဒါ အပြစ် မဟုတ် ဘူး။

တချို့က ဆရာတော်ဘုရားကြီး စကားကို နားမလည် တော့ ဘာ ပေါ်ပေါ် ဖြစ်ပျက် ရှုရမယ်။မရှုလို့ရှိရင်အပြစ် လို့ထင်တယ်။မရှု လို့ ဆက်နေရင် ကုသိုလ်ဖြစ်နေရင် ရတယ်။ ကုသိုလ်စိတ် ကို ထား ပေါ်လည်း ဖြစ်ပျက်ရှု.အကုန်ရှုရမှာ မဟုတ်ဘူး။ကုသိုလ်စိတ်ကို ထား ရသေးတယ်။ဘုရားအလောင်းတော်ကြီးကုသိုလ်စိတ်နဲ့ပဲ ပါရမီ ဖြည့်ပြီး ဉာဏ်အားရတာ မဟုတ်လား။ ဝိပဿနာစိတ် နဲ့ဘယ်အမြဲပျော်နိုင်မလဲ။ အမြဲ မပျော်နိုင်ဘူးလေ။

ကုသိုလ်စိတ် ကို ထားရသေးတယ်။ဘုရားဂုဏ်တော်ပွားမယ်။ ပီတိဖြစ်မယ် ပုတီး စိတ်လို့ ရပါတယ်။ပုတီးဆိုတာ အန္တရာယ် မဟုတ်ဘူး။ စိတ်ရဲ့အကြိမ်ရေကိုမှတ်တာပဲ။စိတ္တပ တိ ဆိုတာအကြိမ်ရေမှတ်တာပဲ။ ဘာမှ အန္တ ရာယ် မဟုတ် ဘူး။ဂုဏ် တော် ပွား မယ် ပီ တိ ဖြစ်ပြီး အကြိမ်မှတ်ပြီးပွားလည်း ပဲ ကုသိုလ်စိတ်ဖြစ် မနေဘူးလား။ ပွားလည်းပဲ ။ အဲ လောက်တော့ဆောင်ထား။ အအေးဓါတ်ကြောင့် ရုပ်တွေ ကြည်လင်ပြီး အားကောင်းတော့မှ ၊သဒ္ဓါဖြစ်တော့ မှသံဝေဂ ယူပြီး ဝိပဿနာ ပြန်ပွား ။

အဲလို လှည့်သွား ရမယ်နော် ။

မနိုင်မနင်း မလုပ်ရဘူး။ပေါ်သမျှ အကုန်လုံး လိုက်ဖြစ်ပျက်ရှု ဆိုရင်ငါ နဲ့ရောသွား ရင် မရတော့ဘူး။ စိတ်ဓါတ်ကျသွားလိမ့်မယ်။စိတ်ကျရောဂါ ဖြစ်တတ်တယ်။မှားတတ်တယ်နော်။ ဘုန်းဘုန်း တို့ ရေရှည်ကျင့် လို့သိတာ။ ဖြစ်ဘူး လို့ပြောတာနော်။ လုပ်ရင်း လုပ်ရင်း နဲ့ စိတ်ဓါတ် အရမ်းကျ တဲ့ အခါ ကျတယ်လေ။

အကြာကြီး တောမှာ ကျင့်တဲ့ အခါ စိတ်ဓါတ်ကျ ပြီး ပျင်း လိုက်တာ တအား။ ပျင်းတဲ့အခါကျရင် ညိမ်ပြီးဘာလုပ်ရင် ကောင်းမလဲ စဉ်းစားရတာပေ့ါ။ ဘယ်မှလည်း ပြန် ပြေးလို့ မရဘူး။ကိုယ်က ကြိမ်းဝါး လာတာကိုး ၊သားမယားတွေ စွန့်ပြီး မရရ အောင်လုပ်မယ် လို့ ကြိမ်းဝါးလာလို့ ခက်နေတာကိုး။ကိုယ်ကလည်းပျင်းမှပျင်း။ ပျင်းတဲ့အခါကျ ငြိမ်ပြီး

ဘုရားဟော ပြန် စဉ်းစားရှာရတာ။ ရှာတော့ စိတ်ကို အလျှော့အတင်း လုပ်ရတာကိုး၊ကျွဲရိုင်း ဖမ်းသလိုပဲ။

ပြန်ပြီး ဂုဏ်တော်တွေပြန်ပွား၊ စာတွေပြန်ဖတ်၊မေတ္တာတွေပြန်ပို့၊ ပရိတ်တွေပြန်ရွတ် ၊ပြန်အေးလာတာ။ ပျော်လာအောင် လုပ်ရတာ၊ ပြီးမှတခါ သံဝေဂပြန် ယူပြန်ကျင့်ရတာ။ မနိုင်မနင်း မလုပ်ရဘူးနော်။ရေရှည်မှာခက်တယ်။သဘောပေါက်ကြလား။ ရမယ်နော်။

ကျန်တဲ့ အချိန်မှာ ဝိပဿနာ ကနေနား တဲ့ အချိန်ဆိုရင် ကုသိုလ်နဲ့နေပါ။ အိမ်မှာ သန့်ရှင်းရေး လုပ်ပါ ရပါတယ်။တံပြက်လှဲ လို့ရပါတယ်။ ဘုရားပန်းအိုး လဲပါ။ အဝတ်တွေလျှော်ပါ ၊သန့်ရှင်းရေး လုပ်ပါ။အေးအေးနေပါ။မေတ္တာနဲ့ကျွေးမွေး စောင့်ရှောက် ပါ။ကုသိုလ်နယ်မှာ နေရတယ်။ပေါ့သမှု အကုန်ဖြစ်ပျက်ရှုမယ်ဆိုရင် မနိုင်တော့ ဘူး။ အဲလို မလုပ်ရဘူးနော်။ အဲဒီ မှာ တချို့မှားတာ အများကြီးပဲ ။

နားလည်ကြလား။လမ်းကို ပြန်ကြည့်မယ်နော်။

အမှန်အ တိုင်း ရှုမှတ်ဆဲမှာ တဏှာ အစပ်ပြတ် မနေဘူးလား ကြာကြာ ရပ့ါမလား။မရဘူးပြန်ဆက် မှာ ဆက်ရင် ကုသိုလ်ဘက်ပြန် လှည့်လိုက်တော့ ။မေတ္တာထား ပြီးတော့ အပေးနဲ့ပျော်မယ်၊သီ လနဲ့ပျော်မယ် ။စောင့်ရှောက်ရင်းပျော်မယ်။ အလုပ်နဲ့ ပျော်မယ်၊ပျော်ပြီးအေးချမ်းနေ ရင် စွမ်း အား တွေပြည့် မနေဘူး လား။ ကြည်လင် အေးချမ်း ပြီးပျော်တော့မှ သံဝေဂတစ်ခါ ပြန်ယူ။ကမ္မဋ္ဌာန်းတွေ ပြန်ပွားပြီး ဝိပဿနာပြန် ကူး။ အကြိမ်ကြိမ် အဲလို သွားကြနော်။ တဖြေးဖြေး အရင်းတက်လာလိမ့်မယ်။

နားလည်ပြီး နော်။တစ်ခါထဲ ချကျင်း ဖြစ်ပ့ါမလား။စပါးပင်လိုပဲ ချက်ချင်းသီး ဆို မရဘူးနော်။မှန်မှန်သွား ရလိမ့်မယ်..လိုက်နိုင်ကြလား၊ဘုန်းဘုန်းတို့သက်သေပြ ပါဆိုရင် တစ် ခု ပြောမယ်နော်။သီဟိုဠ် ခေတ်မှာ ရဟန်းတစ်ပါး ဖြစ်ခဲ့ဘူးတယ်။သူ့ဆရာက ရဟန္တာ ကြီး။ တပည့်ကို ကြည့်ပြီး ရဟန်းတာမယ် သိတော့ ကမ္မဋ္ဌာန်း ပေးလိုက်တယ်။တစ်ဝါသွား ကျင့်ပါဆို ပြီးကျင့်တာ ။တစ်ဝါပြည့် တော့ ရဟန်းမတာ တဲ့အပြင် လူထွက်ချင်လို့တဲ့။ပြန် လာတယ် ဆရာက သိတယ်။ ပရိယာယ်နား လည်တယ်။

ငါ့ရှင်ထွက် တာပေါ့ကွယ်။ ဒါပေ မဲ့ လို့ ငါ့အတွက် ကျောက်ဂူ တစ်ခု ထွင်ပေးပါ တဲ့ ခိုင်းတယ်။

မထွက်ချင် ထွက်ချင် နဲ့ ကိုး ကျောက်ဂူ  တစ်ခု ထွင်ခိုင်းတာ..တစ်လကြာတယ် တစ်လပြည့် တော့ပြီး တဲ့ အခါ၊ဆရာပြီး ပြီလာလျှောက်တော့  အေးကွာ မင်း အဲဒီမှာ (၇)ရက် လောက်သွားပြီး ထိုင်လိုက်ပါအုံး ကွာ ဆိုတော့ ။(၇) ရက်လောက်ကျင့်တာ မှာ ရဟန်းတာသွားတယ်။ ဘာသဘော လဲ စဉ်းစား သေချာမှတ်နော် အလုပ်လုပ်တာ ကို တချို့ က ပေါ့ပေါ့လေး မှတ်တာ။

အိမ်မှာ ဝေယျာဝစ္စ လုပ်တာ  အပစာယန၊ ဝေယျာဝစ္စခေါ်တယ်။

မေတ္တာ ပွားနေ ရင်အအေး ခါတ် ပေါ်မနေဘူး လား။တခြား စိတ်ကူး လာပါ့မလား သမာဓိဖြစ် မနေဘူးလား၊အဲဒါ သီလ ကုသိုလ် ခေါ် တယ်။အိမ်မှာ အလုပ်ကို လုပ် ရပါ တယ်။ သန့်ရှင်းရေးလုပ် ရပါတယ်။ဘုရားပန်း လဲ ရပါ တယ်။သန့်သန့် ရှင်းရှင်း နေရတယ်နော် ။

**အများ စိတ်ကြည် ၊**

**ကိုယ်စိတ်ကြည် နှင့်၊**

**တလီနတ်ချစ် ၊**

**ရောင်လှစ် ဆင်းလှ ၊**

**သေကာလ၌ ၊**

**လားရာနတ်ပြည်။**

အကျိုး ရှိ တယ်။ သန့်သန့်ရှင်းရှင်းနေရတယ်။ကုသိုလ် စိတ်ထားရတယ်။ သူများ လည်း ကြည်လင်အောင်၊ပျော်အောင်၊ အရှည်ခံ အောင် မေတ္တာထား ပြီး လုပ်နေ ရင် သီလ ကုသိုလ် ထဲပါပါတယ်။

အခြေခံ ပါရတယ်။ မပါလို့ရှိရင် ဘုရားတောင် မကြိုက်ဘူး ။တနေ့ရှင် သာရိပုတ္တရာ ကြီး တောကျောင်း တစ်ခုမှာ ဖုံတွေမလှဲဘူး အမှိုက်မလှဲဘူး။ ဖိုလ်ဝင်စားလိုက်တာ။ ဘုရားက

ဖုံတော ထဲ မှာ ခြေရာချပြီး ပြန်ကြွသွားတယ်။ အရှင်မြတ်ကြီး က ဖိုလ်ဝင် စားရာ က ထတဲ့အခါ ဘုရားခြေရာမြင်တော့မှ ဘုရားနောက် လိုက်သွားရတာ။ ဘုရားက အမိန့်ရှိ ခဲ့ တယ်။

အသင်ကဲ့သို့သော တရားစစ်သူကြီးက မှ သီလပိုင်းတွေကို ချွတ်ယွင်းမယ်ဆိုရင်... နောင်အရှည် ဘယ်လိုလုပ်မလဲ။သေနာသနကို လှဲကျင်းပြီး ပြောင်အောင် လုပ်ရတယ်နော်။ ပြီး မှ အလုပ်လုပ်ရတာ အခြေခံ ၊အလုပ်နဲ့ ပျော်ရတယ်ကျန် တဲ့အချိန်မှာ အလုပ်နဲ့ ပျော်ရင်း နဲ့မှဂုဏ်တော်ပွားမယ် ။ မေတ္တာပွားမယ် အခြေခံထားရတယ်။

ခုန အရှင်မြတ်ကို..ဂူလေး ထွင်တဲ့ အခါမှာ ၊ ဒီနေရာလေး က ငါ့ဆရာလက် နဲ့ ကိုင် ရင် လက်တွေ မရှအောင် မေတ္တာ မပါဘူးလား။ချောအောင် လုပ်တယ် စိတ်ဝင်စားတိုင်း မှာ ကိုယ့်ဆရာ စိတ်ချမ်းသာအောင်တွေးပြီး ၊ အဲဒီတစ်လ လုံးလုံးမှာ တစ်ခြား စိတ်တွေမလာ ဘူး။ အအေးဓါတ် များမလာဘူးလား ။ဟော်မုန်းကောင်း လာတာပေါ့။ရုပ်တွေ ကြည်မလာ ဘူးလား။အားပြည့်လာပြီ။ အဲဒီတော့မှ တရားလည်း ထိုင်လိုက်တော့ အလင်းဓါတ်က တစ်ခါ ထဲ တန်းပေါက် ထွက်သွားတာ။ အဲဒီတော့ အလုပ်နဲ့လည်း ပျော်ရတယ်။

တရားသမားဆို ပြီး အလကားထိုင်ပြီးတော့ ဖြစ်ပျက် ပဲ ရှုမယ်ဆို မရဘူးလေ။ ဓါတ် ခဲအားလေး ရှိတာ အတင်းထိုးနေရင်၊ဓါတ်ခဲအားကုန်သွားရင် မှောင်မနေဘူးလား။ ဆက်ထိုး လို့ ရပ့ါမလား။အားထပ်ဖြည့်ရတယ်။သီလကုသိုလ် နဲ့အားဖြည့် ။ ဒါနကုသိုလ်နဲ့ အားဖြည့် ဘုရားဂုဏ် တော်ပွား အားဖြည့်ရတယ်။ အားဖြည့်လို့၊အားရှိလို့လင်းလာ မှ ထပ်ထိုး ရ တယ်။

ပေလုပ်မနေ နဲ့နော်။

တစ်ချို့ ကမပြတ်မလပ် ထိုင်ခိုင်းတာ။ပေလုပ်တော့မရဘူးဘုန်း ဘုန်းတို့ ကိုယ်တိုင် လုပ်ခဲ့ဘူးလို့ ပြောတာ ကြာတော့ မှောင်သွားရော အား မရှိတော့ဘူး။ စိတ်ဓါတ်တွေ ကျသွား ရော။နောက်မှပြန်သတိရတယ်။ဘုရားတွေလိုက် တံပြက်လှည်း၊ဘုရားကုန်းတော် တွေ သန့် ရှင်းရေးလုပ် ၊ပရိတ်၊ပဋ္ဌာန်းရွတ်။ မေတ္တာတွေ ပို့တော့မှ အားပြန် ဝင် လာတာ။ ကြည်တော့မှ

ပြန်ကျင့်မှ ရပြန်တာ။ ကျမ်းနဲ့ ပြန်ကြည့် တော့ သည် တိုင်းဟုတ် ပါ လားသိရတယ်။ ပေမလုပ် ရဘူးနော် ။ကိုယ့်ရှိတဲ့ ဓါတ်ခဲအားလေး ကုန်သွားရင် ထပ်ဖြည့် ရသေးတာ။ ရပြီ နော်။ ဒါန၊သီလ၊ ဘာဝနာ သုံးမျိုး ဘုရား မပေး ခဲ့ဘူးလား။ အစဉ်အတိုင်း သွားရ မှာ ရပြီ နော်။ ရေရှည်ကျင့်နည်း သိပြီလား။

ရှုမှတ်တာကတော့ ဆရာတော် ဘုရား ကြီး ဆုံးမတဲ့ အတိုင်း။

နေတံမမ ၊နေသောဟမသ္မိ ၊နမေသောအတ္တာ။

ဒါဆိုရင် လုံလောက်တယ်။

လက်တွေ့ရှု ပြီးမှ ခဏနားရအောင်။

သတိထားပါနော် ဘုန်းဘုန်း တို့နာတာ ကျင်တာ တွေရှာပြီး တိုက်တာ မဟုတ်ဘူး နော်။ ခံနိုင်ရည် ရှိအောင် ကျင့်တာနဲ့၊မဂ္ဂင်ရပါး အကျင့်မတူဘူး လို့ သိထားနော်။ အမှန်ဆုံး ဖြတ်တာ သိပ်ကြာကြာ မရပါဘူးနော်။ ၁ မိနစ်၊၂ မိနစ် ၄ ၊၅ ၊၁၀ မိ နစ် လောက်ပဲရမှာ။ မျက်စိမှိတ်မယ်။မှိတ်တဲ့ အခါမှာ သံဝေဂ လေးခံပါ။အိမ်တွေ၊ စီးပွားတွေ၊ကိုယ့်ရဲ့ ဆွေမျိုးတွေ အဆွေခင်ပွန်း ၊သားသမီးတွေ ဟာ သေခါနီးမှာ ကိုယ့်အတွက် အားကိုးအစစ် ဟုတ်ပဲ့ မလား။ ရှိသော်လည်း မရှိသကဲ့ သို့စိတ်ကထားပါ။

ခုနေ သေခဲ့သော် တစ်ယောက်ထဲ သေရမှာလို့ နှလုံးသွင်း လိုက်ပါ။ တကယ်ရှိ နေမှာ ကရှုဆဲ၊ ထုတ်ဆဲ၊ ညိမ်ဆဲ အမူအယာပဲ ရှိနေမယ်၊ထိုထို ရှုဆဲ၊ ထုတ်ဆဲ၊ ညိမ်ဆဲ၌ ကာလမခြား မနောမှာမျက် နှာ အမူအယာ၊ ရင်ပတ် နဲ့ ကျော၊ ဝမ်းဗိုက် နဲ့ ခါး၊ လက် ၊ခြေ ထောက်တွေ တရိပ်ရိပ် ပေါ်နေပါလိမ့်မယ်။ တင်းလာ လိုက်လျော့လာလိုက်နဲ့ အတူဖြစ်ပေါ် သော ခံစားမှု ၊

ထိုခံစားမှု ၌ မျက်နှာ အမူအရာ၊ အဓိကထားပါ..။

ကျွန်တော်သည် ခင်ဗျား ရဲ့ နဖူးပါ၊

ခင်ဗျားရဲ့ နှာခေါင်းပါ၊

ခင်ဗျားရဲ့ ပါးစပ်ပါ ၊

ခင်ဗျား မျက်နှာပါလို့ စကားပြောခြင်း မရှိပါဘူး။

တံလှပ်အငွေ့ လိုပါပဲ ။

အနှစ်သာ ရ မရှိပါဘူး။

ငါပါလို့လည်းစကားမပြောပါဘူး။

တံလှပ်အငွေ့လိုပါပဲ။

အသက်လိပ်ပြာမရှိ၊

လှုပ်ရှားနိုင် စွမ်းမရှိပါဘူး။

အငွေ့လိုပါပဲ။တိတ် ဆိတ်နေပါတယ်။ ခံစားမှု နဲ့ယှဉ်ကြည့်တော့ မျက်နှာ အမူအယာ ကိုယ် အမူအယာ သည် တိတ်ဆိတ်နေပါတယ်။အထက်ဝန်းကျင်အားလုံးဟာ လည်း အကောင်အထည် ဟုတ်ကြောင်း ဆုံးဖြတ်ထားပါ။ တို့များ ကမင်းတို့ ကမ္ဘာကြီးပါ။မင်းတို့တိုင်းပြည် ထဲက ရေမြေ တော တောင်ပါ၊မင်းတို့အိမ်ပါ၊ မင်းတို့ကားပါ စသည်ဖြင့် ထိုထို အမူအယာ အရိပ်တွေ က စကား မပြောပါ ဘူးလို့ဆုံးဖြတ်ထားပါ။

အသစ်အသစ် ရှုဆဲ ထုတ်ဆဲ မှာ ပေါ်တဲ့ မျက်နှာ အမူအယာ ကိုယ်လက် အမူအယာ၊တို့ဟာ လည်းအရိပ်ပါပဲ ၊အကောင် အထည် မရှိပါ။စကားလုံး မပါပါ တိတ်ဆိတ်နေပါတယ်။ ဤအတိုင်း ရှုမှတ်ချိန် မှာပဲ ဘုရားဟော အတိုင်း သုံးသပ်တော့ တဏှာ၊ မာန၊ဒိဋ္ဌိ ဆိုတဲ့ အမြင်မှားတွေ မလာတော့ပါဘူး..။

ကဲမျက်လုံးလေး အသာလေး ဖွင့်ကြမယ် နော်။ နှိုင်းယှဉ် ခံစားကြည့်ပါ။မရှုခင် ခံစားမှု၊ရှုပြီးခံစားမှု။ အထက်ဝန်းကျင် ကို နှိုင်း ယှဉ်ကြည့်ပါ။

မရှုခင်ကတော့ အတွေးတွေ ရှုပ်ထွေး ပြီး နေပါလိမ့်မယ်။ရှုပြီးတဲ့ အခါမှာတော့ မျက်လုံး ဖွင့်ရတာ ပတ်ဝန်းကျင် က အသစ်ပဲဖြစ် သွားလိမ့်မယ်။ တကယ်တော့ စိတ်အမြင်မှားတွေကို အမြင်မှန်နဲ့ အစားထိုးတာ။ အမှောင်ကိုအလင်း နဲ့ အစားထိုးတာ။ ဝမ်းသာရမှာက နည်းတယ် မအောက်မေ့နဲ့နော်။ မျက်တောင်တခတ် ကို ကုဋေဘယ်လောက် လဲတစ်သိန်း ကျော် စိမ့်ဝင်သွားပြီနော် ။သတ္တိကိန်းသွားပြီ ။ အဲဒါ ကိုအနှစ်သာရ ယူရတာ။အဲသည် အ

မြင်မျိုး ကို ခဏခဏ ပြန်ပြန်ပွားပေး၊ ကျင့်ပေး၊ ရတယ်။ အားရင်လူလေး နဲနဲ ပြတ် တာနဲ့ နှလုံးသွင်းကြည့်လိုက် သတ္တိကိန်းတာ ကို တန်ဘိုးထားရတာ၊ အဲလိုနဲ့ရင့်ကျက်အောင်ကြိုး စားရတာ။ ခဏခဏ ကျင့်ပေးရတာ။အိပ်ခါနီး ပြန်ကျင့်လိုက် ကိုယ့်ဉာဏ်အား က သည် လောက် ပဲရတာ။ ဒီထက်ကြာသွားရင် ၊နာလာရင် မနိုင်ပြန်ဘူး။မနိုင်သေးတာ ပေမလုပ်နဲ့ နော်။ ပြန်ပြောင်း လိုက်ပြန်စလိုက်။ အကြိမ်ကြိမ် ပွားပေးနော် ။ ရှုဆဲအမူအယာ ထုတ် ဆဲ အမူအယာ..သိပြီနော်။ ရှုဆဲထုတ်ဆဲ မှာ ပေါ် တဲ့ အမူအယာ သည် စကားမပြောကြောင်း အ ထည်မဟုတ်ကြောင်း ဆုံးဖြတ် ပေးရတာ ။ ဒါဆိုရင် ပါဠိ နဲ့ ကိုက်သွားပြီနော်။

နေ တံ မမ၊ နေ သော ဟမ သ္မိ၊ န မေ သော အ တ္တာ။

ငါ၊ငါ့ ဥစ္စာ၊ ငါ့လိပ်ပြာ ဟု ရှာမရတာ အမှန်ပလေ။အချိန် မှာ တဏှာလာ ပါ့ မ လား ဒိဋ္ဌိကော ၊ မာနကော။အလင်းလာရင် အမှောင်ပျောက်ပြီပေါ့ ။ ဒါဆိုရင် လမ်းတည့် နေပြီ။ သည်အမြင်အတိုင်း အကြိမ်များစွာ လေ့ကျင့် ဘို့ ဘုရားကဟောတာ။

အားလုံးမှာ ချက်ချင်း မရ တဲ့ အကြောင်း ကအခံ၊ အခံ ကွာတာကော။ ကောဏ္ဍည မ ထေရ်ကြီးဆိုတာကတစ်နေ့တည်း ရဟန်းတာ သွားတာကအခံကောင်းတာကိုး ။ဘုရားမလာ ခင် အလောင်းတော် တောထဲ မရောက် ခင်ကတည်းက ကြိုစောင့်နေကြတာ။အိမ်သံယောဇဉ် ခွာပြီးသီလနဲ့ နေလာကြတာ ၆ နှစ်လုံးလုံး ဘုရားနားမှာ နေပြီးသူတို့စိတ်ထဲ မှာ ရှင်းနေတာ။ ဖြူဖွေးတဲ့အဝတ်ကို အရောင်ဆေးဆိုးသလို။ဘုရားက အမိန့်ရှိလိုက်ရော ချက်ချင်းသဘော ပေါက်တော့တာပဲ။ ဖြူဖွေး တဲ့ အဝတ်ကိုး။ကိုယ်တွေမှာ ဘုန်းဘုန်း မလာခင်တည်း က အ လုပ်နဲ့။ အခုလည်း အလုပ်တစ်ဘက် နဲ့ သွားရလာရတော့ ရှုပ်မနေဘူးလား။ဆေးဆိုးတော့ လို တဲ့ အရောင်ရပ့ါမလား။

မရသေးဘူး။ သည်လောက် ကလေးရတောင် တာ တော်လှပြီ တော်တော် ပါရမီ ထူး လို့ရတာ။ တော်တော် ဉာဏ်ကောင်း လို့ရတာပဲနော်။ အဲလောက်လေး အခိုက်အတန့် ဝင်သွား တာတောင် မနည်းဘူး။

အဲလောက်ဆိုရင် ဘုရားက သာဓုခေါ်တယ်နော်။

သေခဲ့သော် နတ် ပဲ ဖြစ်မယ်တဲ့။

သည်လောက် ကလေး လုပ်တတ်ရင် အခြေအနေ ကောင်းတယ်နော်။ဘုန်းဘုန်းက စဉ်းစားကြည့်တာ ဖြစ်နိုင်တယ်လို့။ယုတ္တိတန်တယ်နော်။အသက်ထွက်တာ သိပ်မှ မကြာ တာပဲ။စက္ကန့်ပိုင်းလေး ပဲ မဟုတ်လား။ ဉာဏ်လေးကျက်စား လိုက်ရင် သေချာပြီ၊လွတ် သွားမှာပဲလေ။အပါယ်တော့ မကျလောက်ဘူး။

အဲလောက်လေး မိတယ် ဆိုမဆိုဘူး။အဲ တာ ကိုနဲ့နဲ လေ့ကျင့်ထား ။ ခုနေ သေရင်လို့ သတိရ တိုင်းကျင့်ကျင့်ပေး နေ။ ပြန်ရှုပေးနေ နော်။ရှုတိုင်း ရှုတိုင်း လွတ်နေတာ သေချာပြီ။ ဆုံးဖြတ်ချက် ခိုင်ခိုင်ချနော်။သဒ္ဓါတရား နဲ့ ခိုင်ခိုင်ချ။ ရှုနေဆဲမှာ တဏှာ မလာ ရင် နိဗ္ဗာန် ပေါ်နေပြီ။ လမ်းမှန်ဖြစ်နေပြီလေ။တဏှာ မလာ ရင် ဥပါဒါန် ကံလာပါ့မလား။ ဇာတိမလာ တဲ့ လမ်းကြောင်း ရောက်နေပြီ။ လမ်းမှန်ဖြစ် နေပြီ။ ဇာတိမလာတဲ့ လမ်း အကြိမ် ကြိမ်ပွားဘို့ပဲ။

တဏှာ သည် နည်း က အမှန် လို့သာဆုံးဖြတ်ချက်ချ လိုက်တော့။သူကနေရာတိုင်း ကျင့်လို့ရတယ်နော်။ တုံးလုံးလှဲရင်းကော ကျင့်လို့မရဘူးလား။ထိုင်ရင်းကော။ဘယ်မှာဖြစ် ဖြစ် ကျင့်ရမှာနော်။ အခြေအနေပေး လို့ ပလိဗောဓ ကင်းရင် ကျင့်လို့ ရတယ်။ကြောင့်ကျ ကင်း ရင် အ ကုန်ကျင့် လို့ရတယ်။ကားမောင်းရင်း ကျင့်လို့တော့ မရဘူးပေါ့။ခဏခဏ ကျင့်ပါ များရင် သတ္တိကိန်း မလာဘူးလား။ ကိန်းရင် ကိုယ့်အတွက် စိတ်ချရပြီ။ရပြီနော် ။နားလည်ပြီ လား နား ရ အောင် နော် ။

ဤသို့ဘုရား ရှင် ဟော ကြားဆုံး မတော်မူတဲ့ အတိုင်း ၊ မိမိတို့ သဏ္ဍာန် မှာအရှု ခံ ခန္ဓာငါးပါး က အာရုံ နဲ့ဒွါရတိုက် ချိန်ပေါ် တဲ့ ခန္ဓာလို့ မှတ်၊ အာရုံ နဲ့ ဒွါရ မွေး တဲ့ ခန္ဓာလို့ မှတ်ကြ။ သိ သဘော တရားကာ လ မခြား မနောတံခါး ပေါ် တာ ကို နောက် စိတ် က အင်္ဂါ ၈–ပါး ရှိသော မဂ် အကျင့်တဲ့။ပညာ အလင်းနဲ့အမှန် ဆုံး ဖြတ် တာပါပဲ။ ဉာဏ် ဟာ ငါဆိုရင် ဟုတ်ပါ့မလား။အရှု ခံ ခန္ဓာကော ငါ ဟုတ် ပါ့ မလား။ ရုပ်က လည်း ငါ မဟုတ် ၊နာမ် က လည်း ငါ မဟုတ်၊ဉာဏ် က လည်း ငါ မဟုတ်။။ငါရ ရ မယ် ဆို ဟုတ် ပါ့

မလား။သေချာ ပြီနော် ။သိမြင်တာ ငါသောတာပန်ပြော ရင် ဟုတ်ပဲ့မလား။ မဟုတ်ဘူး ဉာဏ်ကို ပေး တဲ့ အမည် လို့ မှတ် ထား။ပြီး ရင် သဘောပေါက်လျက် ကြိမ်ဖန် များစွာ ပွားများ အားထုတ်ကာ အလင်းဓါတ်အား ကောင်းသထက် ကောင်းပြီး တဏှာ အစပ် အပြီးဖြတ် လျက် အရဟတ္တမဂ် ဖိုလ် အဖြစ် ခန္ဓာဇာတ် သိမ်း ငြိမ်းနိုင်ကြပါစေ။

သာ ဓု ။သာဓု၊ သာဓု ။

မနက်ဖြန် ကျရင် မဂ်တား ဖိုလ်တား ဖြစ်စေတဲ့ ပြစ် မှား တဲ့ကံတွေ ပျောက်အောင်၊ ကန်တော့ခန်း ကန်တော့ပေးမယ်နော်။ ကန်တော့ ပြီး မှ ဆက်သင်ပေးမယ်နော်။ ကလေး တွေ ရှိရင် ခေါ်လာခဲ့ကြ။

ငါးမာန်အောင်မြင် ဘုရားရှိခိုး နဲ့ ပူဇော်ကန် တော့ ရအောင်နော်။ အသံရ တဲ့ ပုဂ္ဂိုလ် တွေဆောင်ပေးနော်။ဘုရားကို ကြည်ညိုပြီး ပီတိဖြစ်ရင်ကုသိုလ်ဓါတ်သွင်းတာနော်၊ ဘုရား ရှင် ကမာန်ငါးပါးအောင်ပုံ။ကိလေသာ စင်ကြယ်ပုံ၊ သစ္စာသိပုံ၊ကျေးဇူးဂုဏ်များပုံ၊ ငြိမ်းအေး ပုံ၊ သံသရာ ကယ်တင် တဲ့ အကြောင်းတွေးပြီး ချီးကျူးတာ ပဲပေါ့၊ ကုသိုလ်ဓါတ် ယူ တာ နော်။ဆိုရအောင်။

၁။ ငါးမာန်အောင်မြင်၊ ဘုရားရှင်ကို ၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါ၏ဘုရား။

၂။ ကိလေသာကင်းစင် ၊ ဘုရားရှင်ကို ၊ကြည်လင်မြတ်နိုး ၊ ရှိခိုးပါ၏ဘုရား။

၃။ သစ္စာသိမြင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါ၏ဘုရား။

၄။ အနန္တဂုဏ်အင်၊ ဘုရားရှင်ကို ၊ ကြည်လင်မြတ်နိုး ၊ ရှိခိုးပါ၏ဘုရား။

၅။ ငြိမ်းအေးသခင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး ၊ ရှိခိုးပါ၏ဘုရား။

၆။ သံသရာကယ်တင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး ၊ ရှိခိုးပါ၏ဘုရား။

၇။ နိဗ္ဗာန်စံဝင် ၊ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး၊ ရှိခိုးပါ၏ဘုရား။

၈။ ပရိနိဗ္ဗာန်စံ ဝင်၊ ဘုရားရှင်ကို၊ ကြည်လင်မြတ်နိုး ၊ ရှိခိုးပါ၏ဘုရား။

ဣမာ ယ ဓမ္မာ နု ဓမ္မ ပဋိ ပတ္တိ ယာဗုဒ္ဓံပူ ဇေမိ

ဣမာ ယ ဓမ္မာ နု ဓမ္မ ပဋိ ပတ္တိ ယာဓမ္မံ ပူဇေမိ

ကြမာ ယ ဓမ္မာ နု ဓမ္မ ပဋိ ပတ္တိ ယာသံ ဃံ ပူဇေမိ

မဂ် လေး တန်ဖိုလ် လေး တန် နိဗ္ဗာန် တည်း ဟူ သော လော ကုတ္တရာကိုး ပါး အား လျှော် သော

ပူ ဇေမိ ပူ ဇော် ပါ၏ အရှင် ဘုရား။

ဤသို့ပြုရ၊ မြတ်ပုညကြောင့် ၊ ချမ်းမြအေးကြည်၊ ဘေးမသီ ပဲ ၊ရွှေပြည်ထုတ် ချောက်၊ လမ်းမကော က်ပဲ ၊ရောက်ရပါလို၊ ထိုထို ဘဝကျင်လည်ရလည်း ၊ ဒုက္ခဘေးဒဏ် ၊ရန်မာန် အပေါင်း ၊မကောင်းဟူသမျှ၊ မတွေ့ရပဲ၊ သဗ္ဗဉ္ဇူစာ၊ မင်္ဂလာ ကို ရွယ်ကာ တတိုင်းရစေသော်။

ယနေ့၊ယခု ပြုပြု သမျှ၊ မြတ်ဘာဂ ကို၊ မိဘဆရာမျိုး သဟာ နှင့်၊ ကိုယ်မှာ စောင့် ကြပ် ကိုယ်စောင့်နတ် အား ၊အရင်း စ ရှိ သမျှ လုံး စုံ ၊ဘုံ၃၁ ဖြစ်ဖြစ် သမျှ ၊ဝေနေယျ ကို ရကြပါစေ။ ပေးမျှဝေသည် ။များထွေ သာဓု ခေါ် စေ သော်။ ထို ကုသလ မြတ်ပုညကို အမျှရ ကြသည်ဖြစ်စေသော်။

ဝသုန္ဓြေ၊ ဤမြေ ပံသု ၊သိလာထုလည်း ၊သက် သေအမှု ဒွတည်စေသော်။

အား လုံး ကြားကြားသ မျှ

(ကုသိုလ်အ မျှ အမျှ ယူ တော် မူကြပါ ကုန် သော်)၃

သာဓု၊သာဓု၊သာဓု

❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋❋